ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ စနေနေ့။ Saturday, 27 August 2022 ၁၀၈၄၀

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မိမိတို့ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံပုံစံ အမျိုးအစား၊ စိုက်ပျိုးသည့် မြေအခြေအနေတို့အပေါ် မူတည်ပြီး ရေအလေအလွင့် နည်းပါးနိုင်မည့် နည်းလမ်းများကို ရွေးချယ်အသုံးပြု ဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၆

ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ရေအသုံးချသူများအဖွဲ့ခေါင်းဆောင် တောင်သူများနှင့် အဖွဲ့ဝင်တောင်သူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

အကျိုးတူ လယ်ယာစနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ ငွေကျပ်ဘီလီယံ ၄၀၀ အနက်မှ ငွေကျပ်ဘီလီယံ ၂၃၀ မတည်ထူထောင်ပေးထားပြီးဖြစ်

ယနေ့ ဖတ်စရာ

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီး တေးသီချင်းအမည်များ ထုတ်ပြန်ကြေညာ — စာမျက်နှာ » ၉

ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစ .... — ဆောင်းပါး စာမျက်နှာ » ၁၁

အမေရိကန်နိုင်ငံတွင် မျောက်ကျောက်ရောဂါ ကူးစက်မှု မြင့်တက်နေဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား — စာမျက်နှာ » ၁၃

ကြေးမုံ

စွက်ဖက်မှုလက်မခံ ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချ

ကုလသမဂ္ဂအဖွဲ့ကို ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးစကာလ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကမ္ဘာပေါ်တွင်စစ်ပွဲများတားဆီးရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတည်တံ့စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံပေါင်း ၅၁ နိုင်ငံ၏ သဘောတူညီချက်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ကောင်းမွန်သောဆက်ဆံရေးသမိုင်းကြောင်းရှိပြီး ကုလသမဂ္ဂပဋ္ဌိဌာဉ်ကို လေးစားလိုက်နာကာ အစဉ်အဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် စတင်ဖွဲ့စဉ်ကတည်းက ကောင်းမွန်သောရည်ရွယ်ချက်နှင့် လိုက်နာအပ်သည့် ပဋ္ဌိဌာဉ်များပြဋ္ဌာန်းထားပြီး ကမ္ဘာ့နိုင်ငံများအပေါ်တွင် တရားမျှတမှုရှိစွာဖြင့် ထိတွေ့ဆက်ဆံဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း လက်တွေ့တွင် ရည်ရွယ်ချက်များ၊ ပဋ္ဌိဌာဉ်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို ကမ္ဘာပေါ်ရှိအားနည်းသည့်နိုင်ငံများ၏ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာ၌ တွေ့ရမည်ဖြစ်သည်။ အမှန်တကယ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ကောင်းမွန်သည့်ရည်ရွယ်ချက်၊ လုပ်ငန်းလမ်းစဉ်များဖြင့် ဆောင်ရွက်ရန်ဖြစ်သော်လည်း ကုလသမဂ္ဂအဖွဲ့ကြီး ရပ်တည်နိုင်ရေးအတွက် ထောက်ပံ့ပေးထားသောနိုင်ငံများအား ရှောင်လွှဲ၍ လုပ်ဆောင်နိုင်စွမ်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီး စတင်ဖွဲ့စည်းပြီးသည်မှစ၍ မျက်မှောက်ကာလအထိ အဖွဲ့ကြီးက မလွန်ဆန်နိုင်သည့် နိုင်ငံများအလိုအတိုင်း ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံများကိုယ်စား ဆောင်ရွက်ပေးရမည့်အဖွဲ့အစည်းဖြစ်သော်လည်း ဘက်လိုက်မှုများနှင့် ရုပ်ပြသဏ္ဌာန်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ကုလသမဂ္ဂ၏ တရားမျှတမှုမရှိသော၊ ဘက်လိုက်ခဲ့သော ဆောင်ရွက်ချက်များကို သမိုင်းကြောင်းတွင် လေ့လာကြည့်ပါက သိရှိနိုင်မည်ဖြစ်သည်။ ကုလသမဂ္ဂ၏ မလွန်ဆန်နိုင်သော အကြောင်းတရားများအရ မြန်မာနိုင်ငံအရေးတွင် တရားမျှတစွာရပ်တည်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဖိအားအမျိုးမျိုးပေးနေရသည်ကို ထင်ရှားစွာ တွေ့ မြင်နေရပေသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်က ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့က နှစ်ပတ်လည်အဖြစ် ကြေညာချက်များထုတ်ပြန်ခဲ့သည်။ ဤသို့ထုတ်ပြန်ကြခြင်းသည် မြန်မာနိုင်ငံအပေါ် ဖိအားပေးနိုင်ရန် တမင်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်မှာ အထင်အရှားဖြစ်ပေသည်။ ကြေညာချက်၌ ပါရှိသောအချက်အလက်များမှာ မှန်ကန်မှုမရှိကြောင်းတွေ့ရှိရပြီး မြန်မာနိုင်ငံ အရေးကို ဘက်လိုက်၍ တစ်ဖက်သတ်ရပ်တည်ချက်ဖြင့် ပြည်တွင်းရေးတွင် စွက်ဖက်လာသည်ကိုတွေ့ရသည်။ ရခိုင်ပြည်နယ်တွင် ထိုကာလက ပေါ်ပေါက်ခဲ့သည့်ဖြစ်ရပ်သည် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်းတိုက်ခိုက်မှုမှ စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့များက ပြည်သူများ၏လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်သည် တစ်ဖက်နိုင်ငံသို့ ဒုက္ခသည်များအဖြစ် ထွက်ခွာမှုဖြစ်ပေါ်လာအောင် ARSA အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်မှုကြောင့် ထွက်ပြေးသွားသည့် ထွက်ခွာသူအရေအတွက်ကိုလည်း မမှန်မကန်ချဲ့ကားဖော်ပြထားသည်။ မြန်မာအစိုးရက နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးပြီး စနစ်တကျပြန်လည်လက်ခံခဲ့သည်။ သို့သော် ပြန်လည်လက်ခံရာ၌ သမိုင်းတွင်မရှိခဲ့သည့် လူမျိုးတစ်မျိုးအမည်အဖြစ် လက်ခံရန် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တစ်ဂိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စနစ်တကျ စစ်ဆေးပြီး ကိုက်ညီသူများကို သင့်လျော်သည့်နိုင်ငံသားအဆင့်အတန်းအား လူမျိုး၊ ဘာသာမခွဲခြားဘဲ လုပ်ကိုင်ပေးနေသည်။

ကုလသမဂ္ဂအပါအဝင် ပြည်ပမှနိုင်ငံအချို့နှင့် အဖွဲ့အစည်းအချို့သည် မြန်မာနိုင်ငံအပေါ် ဖိအားအမျိုးမျိုးပေးပြီး အကျပ်အတည်းဖြစ်အောင် တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ရာ အဆိုပါဖြစ်စဉ်ကိုလည်း အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ARSA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်ကို ဖုံးကွယ်ထားခြင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများအရေးကို လျစ်လျူရှုထားခြင်း၊ မြန်မာအစိုးရ၏ အပြုသဘောဆောင်ရွက်ချက်ကို အလေးမထားခြင်း၊ ဖိအားပေးဆက်ဆံရန်ရည်ရွယ်ချက်ဖြင့် မမှန်ကန်သည့် ထုတ်ပြန်ကြေညာချက်များသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ရာရောက်နေသဖြင့် ဝိုင်းဝန်းဆန့်ကျင် ပြင်းထန်စွာရှုတ်ချပါကြောင်း။ ။

တန့်ယန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

တန့်ယန်း သြဂုတ် ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်းကာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို သြဂုတ် ၂၅ ရက် နံနက်ပိုင်းက အခြေခံပညာကျောင်းများ၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးမင်းထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမျိုးနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိုးသန်းထိုက်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ မိုင်းဟသ်ာထွန်းတို့က ကြည့်ရှုအားပေးပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ စတင်ပြီး အဖွဲ့လေးဖွဲ့ခွဲကာ အခြေခံပညာကျောင်းများအားလုံးတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် နှင့် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆- ၈ -၂၀၂၂)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၆,၉၀၀	၇,၀၀၀	၂၄	၁၆၅,၇၀၀
MTSH	၂,၄၅၀	၂,၄၅၀	၆,၃၈၇	၁၅,၃၇၈,၁၅၀
MCB	၆,၈၀၀	၆,၈၀၀	၀	၀

FPB	၁၈,၀၀၀	၁၈,၀၀၀	၂၄၁	၄,၃၃၈,၀၀၀
TMH	၂,၃၅၀	၂,၃၅၀	၁	၂,၃၅၀
EFR	၂,၄၅၀	၂,၄၅၀	၀	၀
AMATA	၅,၀၀၀	၃,၉၀၀	၂၈၀	၁,၀၉၆,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် သြဂုတ် ၂၆

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၀၉၈.၈
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၆.၀၄
(ဃ) ထိုင်း	တစ်ဘတ်	=	၅၈.၃၅၈
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၆၉.၉၀
(စ) အိန္ဒိယ	တစ်ရုပီး	=	၂၆.၃၀၇
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၄၆၂.၉
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၁၀.၆
(စျ) ဂျပန်	တစ်ရာယန်း	=	၁၅၃၃.၉
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၇.၆၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်မြသီတာနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ-၃ဖ၁၂၈၊ ဖက်စ် ၀ဖြ-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

စားရေရိက္ခာပေါများသည့်နိုင်ငံ ဖြစ်ပေါ်လာစေရေးအတွက် အဓိကကျသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်နှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရေအရင်းအမြစ် ပေါများကြွယ်ဝ

မိမိတို့ မြန်မာနိုင်ငံသည်ရေအရင်းအမြစ် ပေါများကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ၏အလယ်ပိုင်း၌ မြောက်မှတောင်သို့ စီးဆင်းနေသည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်ကြီး လေးစင်းတွင် မြစ်လက်တက်များစွာရှိပြီး နှစ်စဉ်ရေဓာတ ပေသန်းပေါင်း ၈၇၆ သန်းခန့် ပင်လယ်ထဲသို့ စီးဆင်းဝင်ရောက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ အဆိုပါမြစ်ကြီးများနှင့် မြစ်လက်တက်များပေါ်တွင် ဆည်တမံ ၂၄၅ ခုနှင့် ရေတင်လုပ်ငန်း ၂၁၀ တို့ တည်ဆောက်ထားပြီး နှစ်စဉ် ပင်လယ်ထဲသို့ စီးဆင်းလျက်ရှိသည့် ရေထုထည် ပမာဏ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့်ကို အသုံးပြုလျက်ရှိကြောင်း။

သီးနှံမျိုးစုံစိုက်ဧက ၃၃ ဒသမ ၂ သန်းရှိ

တစ်နိုင်ငံလုံးတွင် သီးနှံမျိုးစုံ စိုက်ဧက ၃၃ ဒသမ ၂ သန်းခန့်ရှိပြီး မိုးကောင်းရေသောက်၊ ဆည်ရေသောက်၊ မြစ်ရေတင် စိုက်ပျိုးမြေသည် ၂၅ ဒသမ ၅၁၇ သန်းခန့်ရှိကာ မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးမြေများထဲမှ ရေသွင်းစိုက်ဧရိယာဧက ၆ ဒသမ ၇၁ သန်းရှိသည့် အတွက် သီးနှံမျိုးစုံ စိုက်ပျိုးနေသည့် အသားတင်စိုက်ဧရိယာ ဧက ၃၃ ဒသမ ၂ သန်း၏ ၂၀ ရာခိုင်နှုန်းကျော်ကို ဆည်ရေပေးဝေလျက်ရှိသည်ကို တွေ့ရကြောင်း၊ **ရေအသုံးချမှု စနစ်တကျ ပြုလုပ်ပြီး ရေသွင်းစိုက်ဧက ၆ သန်းကျော်ကို စပါး၊ ပဲ၊ စပါး/ စပါး၊ နေကြာ၊ စပါး/ စပါး၊ နှမ်း၊ စပါး/ အခြားစပါးနှင့်တွဲပြီး သီးထပ်နှစ်မျိုးစသည်ဖြင့် မိမိကြိုက်နှစ်သက်ရာသီးနှံများကို သုံးသီးစိုက်ပျိုးသွားနိုင်မည်ဆိုပါက တောင်သူများ၏ လူမှုစီးပွားဘဝသည် များစွာ ပြောင်းလဲသွားမည်**ကိုတွေ့မြင်နိုင်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် နိုင်ငံတစ်ဝန်းရှိ ရေအသုံးချသူများအဖွဲ့ခေါင်းဆောင် တောင်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားစဉ်။

❍ ရေအသုံးချမှု စနစ်တကျပြုလုပ်ပြီး ရေသွင်းစိုက်ဧက ၆ သန်းကျော်ကို စပါး၊ ပဲ၊ စပါး / စပါး၊ နေကြာ၊ စပါး / စပါး၊ နှမ်း၊ စပါး / အခြားစပါးနှင့်တွဲပြီး သီးထပ်နှစ်မျိုးစသည်ဖြင့် မိမိကြိုက်နှစ်သက်ရာသီးနှံများကို သုံးသီးစိုက်ပျိုးသွားနိုင်မည်ဆိုပါက တောင်သူများ၏ လူမှုစီးပွားဘဝသည် များစွာ ပြောင်းလဲသွားမည်

❍ စိုက်ပျိုးရေးလုပ်ငန်းပင်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်းပင်ဖြစ်စေ မိမိလေ့လာသုံးသပ်တွေ့ရှိချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းသည် လုပ်ငန်းအောင်မြင်မှုအတွက် အခရာဖြစ်

စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လည်း ဆည်မြောင်းစီမံကိန်းများကို အလေးထား ရင်းနှီးမြှုပ်နှံပေးလျက်ရှိကြောင်း။

ရေမရပါက သီးနှံမဖြစ်ထွန်းနိုင်

စိုက်ပျိုးရေးဆိုသည်မှာ ရေနှင့်မကင်းကြောင်း၊ စိုက်ပျိုးရေ၊ အောင်ရေမရဘဲ ရာသီသီးနှံများ မဖြစ်ထွန်းနိုင်သကဲ့သို့ ရေမရပါကလည်း မည်သည့်သီးနှံမျှ မဖြစ်ထွန်းနိုင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆည်မြောင်းစီမံကိန်းလုပ်ငန်းများဖြစ်သည့် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေတံခါးများ၊ ရေပေးမြောင်းများနှင့် ရေထိန်းအဆောက်အအုံများ၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေထုတ်ယူသုံးစွဲသည့် လုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး ရေပေးဝေမှုလုပ်ငန်းများ၊ မြေအောက်ရေထိန်း ရေလှောင်တမံ လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခဲ့သည့် ဆည်ရေပေးဝေမှုလုပ်ငန်းများ၏ အကျိုးရှိအောင် အသုံးချပြီး မိမိတို့၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ပြောင်းလဲလာအောင် ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ရေသယံဇာတများ မဆုံးရှုံးစေရန်

တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် ကမ္ဘာနှင့်အဝှမ်း ရေသယံဇာတများဆုတ်ယုတ်ခြင်း၊ ရှားပါးခြင်းများ ဖြစ်ပေါ်ခံစားနေကြရကြောင်း၊ ထို့ကြောင့် လူနှင့် သစ်ပင်၊ တိရစ္ဆာန်များအတွက် မရှိမဖြစ်ဖြစ်သည့် ရေသယံဇာတများကို အကျိုးမဲ့အလဟဿ မဆုံးရှုံးစေရန်နှင့် အနာဂတ်တွင် ရေရှည်သုံးစွဲနိုင်ရန်အတွက် ခြိုးခြံချွေတာခြင်း၊ ထိရောက်အကျိုးရှိစွာ သုံးစွဲခြင်းများကို မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်လာပြီ ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချပြီး မိမိတို့၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ပြောင်းလဲလာအောင် ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ရေသယံဇာတများ မဆုံးရှုံးစေရန်

တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် ကမ္ဘာနှင့်အဝှမ်း ရေသယံဇာတများဆုတ်ယုတ်ခြင်း၊ ရှားပါးခြင်းများ ဖြစ်ပေါ်ခံစားနေကြရကြောင်း၊ ထို့ကြောင့် လူနှင့် သစ်ပင်၊ တိရစ္ဆာန်များအတွက် မရှိမဖြစ်ဖြစ်သည့် ရေသယံဇာတများကို အကျိုးမဲ့အလဟဿ မဆုံးရှုံးစေရန်နှင့် အနာဂတ်တွင် ရေရှည်သုံးစွဲနိုင်ရန်အတွက် ခြိုးခြံချွေတာခြင်း၊ ထိရောက်အကျိုးရှိစွာ သုံးစွဲခြင်းများကို မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်လာပြီ ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်၏ အင်အားနှင့် ဆောင်ရွက်၍မရဘဲ အားလုံးတစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

မျိုး၊ မြေ၊ ရေ၊ နည်း

ယနေ့ အခမ်းအနားကို တက်ရောက်လာကြသူများသည် ဆည်ရေကို အသုံးပြုကြသူ များဖြစ်ကြောင်း၊ ရေ၏တန်ဖိုးကို ရေအသုံးချသူတိုင်း သိကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းပင်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်းပင်ဖြစ်စေ မိမိလေ့လာသုံးသပ်တွေ့ရှိချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းသည် လုပ်ငန်းအောင်မြင်မှုအတွက် အခရာဖြစ်**ကြောင်း၊ မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေးတွင် မြေသြဇာ(မွေးမြူရေးတွင် အစာ)၊ စိုက်ပျိုးရေနှင့် အောင်ရေ၊ စိုက်နည်းစနစ်တို့ပင်ဖြစ်ကြောင်း၊ ထိုအထဲတွင် အရေးအကြီးဆုံး၊ အဓိက အကျဆုံးမှာ "ရေ" ပင်ဖြစ်ကြောင်း၊ ရေမရှိဘဲ၊ ရေမပြည့်စုံဘဲ အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးကို မရနိုင်ကြောင်း၊ ရေကိုအကျိုးရှိစွာ အသုံးချနိုင်ခြင်းတွင် ကမ္ဘာမှာ အစ္စရေးနိုင်ငံသည် အကောင်းဆုံးဟု လေ့လာသိရှိရသည့်အတွက် မိမိတို့လည်း ၎င်းနိုင်ငံတွင် သွားရောက်လေ့လာသင်ကြားခဲ့သည့် လူသားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေအသုံးချနိုင်မည့် စိုက်ပျိုးရေးအင်ဂျင်နီယာပညာရပ်ကို ကျောင်းအသီးသီးတွင် အဆင့်လိုက် ကျယ်ပြန့်စွာသင်ကြားပေးရန်နှင့် ထိရောက်စွာအသုံးပြုရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် တည်ဆောက်ထားသည့် ဆည်မြောင်းတာတမံများက ထုတ်လွှတ်ပေးသည့် စိုက်ပျိုးရေများကို စနစ်တကျစီမံခန့်ခွဲ အသုံးပြုနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားကြီးများကိုယ်တိုင် ထိရောက်စွာပါဝင်ကြရန်လိုအပ်ကြောင်း။

အဓိကသီးနှံဖြစ်သည့် စပါးတစ်ဧကအောင်မြင်စွာဖြစ်ထွန်း အောင်မြင်ရန်အတွက် မြေအမျိုးအစားပေါ်မူတည်ပြီး ပျမ်းမျှ ရေလိုအပ်ချက်မှာ ၅ ဧကပေခန့်ဖြစ်သည့်အတွက် ရေဂါလန်အားဖြင့် ၁၃ ဒသမ ၅ သိန်း၀ါလန် လိုအပ်သည်ဟု ပညာရှင်များကပြောကြောင်း၊

စာမျက်နှာ ၄ သို့ ❖

နွေရာသီရေခန်းခြောက်ချိန်၊ ရှားပါးချိန်တွင် ရေကုန်သက်သာစေရန်နှင့် ရေအလေအလွင့် မရှိစေရန်အတွက် နည်းပညာအခြေခံသည့် ရေပေးဝေမှုစနစ်များကို ကြံဆသုံးစွဲကြရမည်

❖ စာမျက်နှာ ၃ မှ

အထူးသဖြင့် **နွေရာသီရေခန်းခြောက်ချိန်၊ ရှားပါးချိန်တွင် ရေကုန်သက်သာစေရန်နှင့် ရေအလေအလွင့် မရှိစေရန်အတွက် နည်းပညာအခြေခံသည့် ရေပေးဝေမှုစနစ်များကို ကြံဆသုံးစွဲကြရမည်ဖြစ်**ကြောင်း၊ ဥပမာအားဖြင့် ရေအလေအလွင့်နည်းပါးစေသည့် ရေပက်ဖျန်းသည့်စနစ် (Sprinkler)၊ အစက်ချရေပေးသည့်စနစ် (Drip Irrigation) အမျိုးမျိုးကို သီးနှံနှင့် ရေမြေအခြေအနေပေါ်မူတည် အသုံးပြုပြီး စိုက်ပျိုးရေကို ထိထိရောက်ရောက် အကျိုးအရှိဆုံး အသုံးပြုကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေချိုးရာတွင် ရေပုံးဖြင့် ချိုးခြင်း၊ ရေခွက်ဖြင့် လောင်းချိုးခြင်းထက် ရေပန်းနှင့်ချိုးခြင်းက ရေကုန်ကျမှုကို သက်သာစေနိုင်သည်ကို မြင်တွေ့နိုင်ကြောင်း။

လေလွင့်ဆုံးရှုံးမှုများစွာဖြစ်ပေါ်မည်

ယခု တောင်သူအများစုဆောင်ရွက်နေကြသည့် ဆည်ရေသောက်လုပ်ငန်းတွင် **"ခွက်ဆင့်သောက်"** လမ်းကြောင်းအလိုက် ရေပေးသွင်းခြင်း(Furrow Irrigation)ကိုသာ ကျင့်သုံးနေမည်ဆိုပါက လေလွင့်ဆုံးရှုံးမှုများစွာဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် မိမိလယ်အတွင်း လယ်ကြားမြောင်းစနစ်များကို သေချာစွာ ပြုပြင်မွမ်းမံမှုမရှိခြင်းနှင့် ပင်မမြောင်းကြီးမှသွားသည့် မြောင်းလက်တံ အဆင့်ဆင့်ကို ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် တန်ဖိုးရှိသည့် ရေများ လေလွင့်မှုမဖြစ်စေရန် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီးနှံများစိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

ထို့ကြောင့် ရေပေးဝေသည့်မြောင်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့ပြီး ရေပေးဝေမှုစနစ်များ တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာတောင်သူများစုဖွဲ့ကာ ဆည်ရေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် သက်ဆိုင်ရာ ရေသောက်မြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group–WUG)များကို ဖွဲ့စည်းခြင်း၊ အဆိုပါအဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် ပိုမိုကျယ်ပြန့် အားကောင်းလာစေရန် ရေအသုံးချသူများအသင်း (Water User Association– WUA) အဖြစ်သို့လည်း အဆင့်မြှင့် တိုးချဲ့ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းပါဝင်

ထိုသို့ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ဆည်ရေပေးဝေမှုကဏ္ဍ၌ သက်ဆိုင်ရာဌာနများနှင့် ရေအသုံးချသူတောင်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် **"ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (Participatory Irrigation Management– PIM)"** တည်ထောင်ခြင်းဖြစ်ကြောင်း။

ယခုစနစ်တွင် တောင်သူများ ကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်ရသည့် အတွက် တောင်သူအချင်းချင်းအကြား ရေကြောင့်ဖြစ်ပွားရသည့် ပဋိပက္ခများ ကင်းဝေးခြင်း၊ ဆည်ရေကို အကျိုးရှိစွာ အသုံးပြုနိုင်မည် ဖြစ်သည့်အတွက် ရေအလေအလွင့်နည်းပါးပြီး ဆည်ရေစိုက်ဧရိယာ ပိုမိုတိုးချဲ့ပေးဝေလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာစေမည်ဖြစ်ကြောင်း။

ပိုမိုအကျိုးဖြစ်ထွန်းစေမည်

ဆည်ရေပေးဝေမှု စနစ်များတွင် တောင်သူများအနေဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းပြီး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်သည့် အလေ့အထများ ဖြစ်ပေါ်လာမည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍများတွင်သာမက မိမိတို့၏လူမှုစီးပွားဘဝ တိုးတက်ရေးလုပ်ငန်းများကိုပါ စုပေါင်းဆောင်ရွက်လာနိုင်ကြမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးတူလယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ရာ၌ ယခုကဲ့သို့ အသင်းအဖွဲ့များဖြင့် ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်အနေဖြင့် လာမည့်ရာသီမှစပြီး နွေစပါး ဧက ၈ ဒသမ ၅ သိန်းနှင့် ပဲတီစိမ်းဧက ၅ သိန်းကို **အကျိုးတူ လယ်ယာစနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ ငွေကျပ်ဘီလီယံ ၄၀၀ အနက်မှ ငွေကျပ်ဘီလီယံ ၂၃၀ မတည်ထူထောင်ပေးထားပြီးဖြစ်**သည်ကိုလည်း အသိပေးပြောကြားလိုကြောင်း။

စီးပွားရေးအသိုက်အဝန်း ဖြစ်ပေါ်လာစေမည်

တောင်သူများအနေဖြင့် ရေအသုံးချသူများအဖွဲ့/အသင်းတို့တွင် ပါဝင်ပြီး အဆိုပါ အသင်းအဖွဲ့များမှ တစ်ဆင့် နိုင်ငံတော်၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်လျက်ရှိကြသည့် အစိုးရမဟုတ်သော စီးပွားရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်လာနိုင်ခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် စီးပွားရေးအသိုက်အဝန်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

ကျင်းပရခြင်းဖြစ်

ထို့ကြောင့် ရေအသုံးချသူတောင်သူများအား မိမိတို့ကြုံတွေ့နေကြရသည့် အခက်အခဲများ၊ ပြဿနာများကို ပူးပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်တတ်စေရန်၊ ဆည်ရေစီမံခန့်ခွဲမှု နည်းပညာဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်နှင့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ထွန်းကားလာစေရန်တို့အတွက် ရေအသုံးချသူများအဖွဲ့ အဖွဲ့ဝင် တောင်သူများကို သင်တန်းပေးခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရေသောက်စနစ်များမှ ရေအသုံးချသူများ အဖွဲ့ခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး နေပြည်တော်တွင် ဆွေးနွေးပွဲအခမ်းအနားကို ယခုကဲ့သို့ကျင်းပရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေ ပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့် လည်း **"ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်"** ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စာမျက်နှာ ၆ သို့ ❖

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်မိန့်ခွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်းပြောကြားစဉ်။

ယနေ့ကျင်းပတဲ့ (၇၅)နှစ်ပြည့် စာပေဗိမာန်စိန်ရတုအခမ်းအနားသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စာပေပညာရှင်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ စာပေတိုက်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခချမ်းသာခြင်းနှစ်ဖြာနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ ၂၀၂၂ ခုနှစ် သြဂုတ်လ ၂၆ ရက်နေ့ဟာ မြန်မာ့စာပေလောကမှာ အစဉ်အလာကြီးမားစွာ ရပ်တည်ခဲ့တဲ့ စာပေဗိမာန်ရဲ့ (၇၅)နှစ်ပြည့် စိန်ရတုတိုင်တဲ့ ရက်ကောင်းရက်မြတ်အချိန်အခါလည်း ဖြစ်ပါတယ်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ယခင်က အကြောင်းရင်းများ စွာရှိနိုင်ခဲ့ပေမယ့် ဒီနေ့ခေတ်မှာတော့ **"ပညာသည်သာ အခရာ"** ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအားလုံးက လက်ခံထားကြပါတယ်။ ဒီပညာဆိုတာကို ငယ်စဉ်ဘဝက သင်ယူခြင်း၊ လေ့လာခြင်း စတဲ့နည်းလမ်းတွေကို အများဆုံးအသုံးပြု သင်ယူကြရတာဖြစ်ပါတယ်။ လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်စဉ်၊ အဆင့်မြင့်ပညာတွေကို ဆက်လက်သင်ယူနေစဉ်နဲ့ စဉ်ဆက်မပြတ် လေ့လာသင်ယူမှု(Continuous Learning) ပြုလုပ်စဉ်မှာတော့ စာအုပ်စာတမ်းတွေ၊ ဆွေးနွေးပြောကြားမှုတွေကို အဓိကအခြေပြုပြီးတော့ လေ့လာ၊ နားထောင်၊ ကြံစည်၊ တီထွင်မှုတွေ ပြုလုပ်ကြရတာ ဖြစ်ပါတယ်။

ခေတ်အစဉ်အဆက်မှာ ဒီလိုစဉ်ဆက်မပြတ် ပညာကိုဆည်းပူးနိုင်ဖို့၊ ပညာကိုမျှဝေပေးနိုင်ဖို့ နိုင်ငံသူ/နိုင်ငံသား၊ ကမ္ဘာသူ/ကမ္ဘာသားတွေ လက်ထဲ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ဖို့အတွက် စာအုပ်၊ စာပေတွေကို ကျွန်တော်တို့လူသားတွေ စတင်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ခေတ်မီတိုးတက်လာတဲ့ နည်းပညာရပ်များရဲ့အကူအညီနဲ့ ကျောက်စာ၊ ပေစာ၊ စာအုပ်၊ အီလက်ထရွန်နစ် စာရွက်စာတမ်းစသဖြင့် အသွင်သဏ္ဌာန်အမျိုးမျိုး ပြောင်းနိုင်ကြပေမယ့် စာအုပ်၊ စာပေဆိုတဲ့ အနှစ်သာရကတော့ မပြောင်းလဲပါဘူး။ ကျွန်တော်တို့မြန်မာတွေဟာ စာအုပ်၊ စာပေတွေနဲ့ ပညာကို ဘယ်လောက်အထိ တန်ဖိုးထားခဲ့ကြတယ်၊ ဘယ်လောက်ထိ လေ့လာခဲ့ကြတယ်ဆိုတာကို **"စာတစ်လုံးဘုရားတစ်ဆူ"**ဆိုတဲ့ ရှေးခေတ်ဆိုရိုးစကား၊ **"အလိမ္မာစာမှာရှိ"** ဆိုတဲ့ စကား၊ **"စာအုပ်စာပေ လူ့မိတ်ဆွေ"**ဆိုတဲ့ စကားတွေကို ထောက်ရှုခြင်းအားဖြင့် သိရှိနိုင်ပါတယ်။

ဒီလိုတန်ဖိုးထားခဲ့ကြလို့လည်း ကျွန်တော်တို့ စာပေ၊ကျွန်တော်တို့စကား၊ကျွန်တော်တို့ယဉ်ကျေးမှုဟာ ဒီနေ့အထိ နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲနေတာကို ဂုဏ်ယူဖွယ်တွေ့မြင်ကြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်းတစ်ရာကျော်ကိုလိုနီနိုင်ငံဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့လိုပဲ ကိုလိုနီဖြစ်ခဲ့ဖူးတဲ့ နိုင်ငံအချို့မှာ သူတို့ရဲ့မူရင်းစာပေ အကျွမ်းဝင် ပြည့်ပြည့်စုံစုံမရှိတော့တာတွေ၊ အခြေခိုင်မာပြီးကောင်းမွန်တဲ့ ယဉ်ကျေးမှုပုံစံအချို့ မှေးမှိန်ပျောက်ကွယ်သွားရတာတွေ ရှိခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံမှာတော့ ဒါတွေဟာ ပြည့်ပြည့်စုံစုံနီးပါး ယနေ့ထက်တိုင်ရှိနေပါတယ်။ ဒါဟာ ကျွန်တော်တို့ ပညာသင်ကြားစအရွယ်ကပင် ကြားသိဖူးတဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ဆုံးမစာတစ်ပုဒ် ဖြစ်တဲ့ **"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လေ့"** ဆိုတဲ့ တန်ဖိုးရှိတဲ့စာပေကြောင့်ပါပဲ။ ဒီလိုခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့ကြရာမှာ စာပေဗိမာန်ဟာလည်း မြန်မာ့လွတ်လပ်ရေးအကြိုကာလနဲ့ လွတ်လပ်ရေးရပြီး ကာလတွေမှာ မြန်မာ့စာပေ တာဝန်နဲ့ ပြည်သူလူထုကို အသိပညာဖြန့်ဖြူးရေး တာဝန်တွေကို အထူးကျေပွန်ခဲ့ပြီး ယနေ့ထက်တိုင် ရပ်တည်နေတဲ့ ဂုဏ်ယူဖွယ်ရာ အဖွဲ့အစည်းကြီး ဖြစ်ပါတယ်။

စာပေဗိမာန်ရဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၅) နှစ်သမိုင်းကြောင်းကို ခြေရာကောက်ရရင် ၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်က ဆိုရန်တိုဗီလာအဆောက်အအုံမှာကျင်းပတဲ့ **(ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီးပွားတိုးတက်ရေး နှစ်နှစ်စီမံကိန်း)** ရေးဆွဲရေးကွန်ဖရင့်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ခေတ်မီဗဟုသုတတွေ ကြွယ်ဝပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘာသာပြန်ဌာနကြီးတစ်ခုဖွင့်လှစ်ဖို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဗိုလ်ချုပ်ရဲ့ လမ်းညွှန်ချက်အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုခေါင်းဆောင်တဲ့ ပုဂ္ဂိုလ်များနဲ့ စာပေပညာရှင်တို့ဟာ **(Burma Translation Society–BTS)**လို့ခေါ်တဲ့ **(မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း)**ကို ၁၉၄၇ ခုနှစ် သြဂုတ်လ ၂၆ ရက်မှာ စတင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီနေ့ဟာ စာပေဗိမာန်ရဲ့အစပဲ ဖြစ်ပါတယ်။ စတင်ဖွဲ့စည်းစဉ် ဝန်ကြီးချုပ်ဦးနုက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အုပ်ချုပ်မှုကောင်စီဝင် ၁၁ ဦး စုစုပေါင်း ၁၂ ဦးနဲ့ ဖွဲ့စည်းခဲ့ကာ နောက်ပိုင်းမှာတော့ အုပ်ချုပ်မှုကောင်စီဝင် ၁၅ ဦးအထိ ဖြစ်လာခဲ့ပါတယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်မှာ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းရဲ့ ယာယီအသင်းတိုက်ကို ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းမှာရှိတဲ့ ပါမောက္ခဒေါက်တာလှဘူးရဲ့ နေအိမ်မှာ ခေတ္တငှားရမ်းဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီနောက် မေလဆန်းပိုင်းမှာ ဝန်ထမ်းအင်အား များပြားလာတာကြောင့် ယာယီအသင်းတိုက်နေရာကနေ အမှတ် ၃၆၁၊ ပြည်လမ်းမှာရှိတဲ့ ဆိုရန်တိုဗီလာအဆောက်အအုံကို ငှားရမ်းပြောင်းရွှေ့ကာ အသင်းတိုက်ရဲ့ အမည်ကိုလည်း စာပေဗိမာန်လို့ ပြောင်းလဲအမည်ပေးခဲ့ပါတယ်။ စာပေဗိမာန်ရဲ့ဆောင်ပုဒ်ကို **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"**လို့ဆိုပြီး စာဆိုတော် ဆရာကြီး ဦးဝန်(မင်းသုဝဏ်)က ရွေးချယ်ပေးခဲ့ပြီးတော့မှ ရန်ကုန်တက္ကသိုလ် ပထမဆုံးစာကြည့်တိုက်မှူး၊ စစ်ပြီးခေတ်မှာ မြန်မာ့အသံကို စတင်တည်ထောင်ခဲ့သူဖြစ်တဲ့ ဆရာ K (ဦးခင်ဇော်)က ယင်းဆောင်ပုဒ်ကို **"Light, where Darkness was"** လို့ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ပါတယ်။

နောက်ပိုင်းမှာ ပုံနှိပ်ရေးလုပ်ငန်းတွေ များပြားလာတဲ့အတွက် မြို့တွင်းရုံးခွဲအဖြစ်ထားရှိဖို့ ကုန်သည်လမ်းနဲ့ ၃၇ လမ်းထောင့် မြေနေရာကို ဝယ်ယူပြီး စာပေဗိမာန်အဆောက်အအုံသစ်ကို အုတ်မြစ်ချခဲ့ပါတယ်။ ၁၉၅၅ ခုနှစ် မေလ ၅ ရက်ကြာသပတေးနေ့မှာ စာပေဗိမာန်အဆောက်အအုံသစ်ကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ (၆၇)နှစ် ကျော်ခဲ့ပါပြီ။

ဒီစာပေဗိမာန်ကြီးဟာ ပြည်သူလူထုကို ပညာမျက်စိအလင်းပေးဖို့ ရည်ရွယ်ချက်နဲ့ လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ်စာစဉ် လုပ်ငန်းတွေကို ပထမဦးစွာဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်မှာ မြန်မာ့စွယ်စုံကျမ်း အတွဲ-၁ (က-ကုံ)ကို စတင်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ၁၉၇၇ ခုနှစ်မှာ မြန်မာ့စွယ်စုံကျမ်းနောက်ဆုံးတွဲဖြစ်တဲ့ အတွဲ-၁၅ ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။ စာပေမှတ်ကျောက်တင်ရမယ့် ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ပါတယ်။ ကျောင်းသုံးစာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ဝေါဟာရဘာဏ်လုပ်ငန်း၊ နှစ်ငါးဆယ်စာစဉ်များ၊ စာပေဗိမာန်မဂ္ဂဇင်း၊ ပြည်သူ့လက်စွဲစာစဉ်၊ သုတပဒေသာစာစောင်၊ ရွှေသွေးဂျာနယ်တို့ကို ထုတ်ဝေခဲ့တဲ့ ဌာနကြီးလည်းဖြစ်ပါတယ်။ ၁၉၅၆ ခုနှစ် မတ်လမှာ စာပေဗိမာန်စာကြည့်တိုက်၊ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လမှာ စာပေဗိမာန်အသင်းကို တည်ထောင်ခဲ့ကြတဲ့အပြင် စာပေနှီးနှောဖလှယ်ပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ၊ နိုင်ငံတကာစာအုပ်နှစ် အခမ်းအနားတွေကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပြုစုထုတ်ဝေမှုလုပ်ငန်းနဲ့အတူ စာပေဗိမာန်ဆုဆိုပြီး စာပေဆုတစ်ရပ် တီထွင်ချီးမြှင့်မှုကနေ အနုပညာဆိုင်ရာစာပေဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စသဖြင့် အဆင့်ဆင့်တိုးတက်ချီးမြှင့်နိုင်ခဲ့ကာ ၂၀၁၁ ခုနှစ်ကစပြီး အမျိုးသားစာပေတစ်သက်တာဆုကို နိုင်ငံတော်၏အမြင့်ဆုံးဆုအဖြစ် တီထွင်ချီးမြှင့်ပေးနိုင်ခဲ့ပါတယ်။ ယခုအချိန်အထိ အမျိုးသားစာပေတစ်သက်တာဆုရှင် ၃၄ ဦးအထိ ရှိနေပြီဖြစ်ပါတယ်။ စာကောင်းပေမွန်တွေ၊ တိုင်းကျိုးပြည်ပြုစာတွေ အမြောက်အမြား ပြုစုထုတ်ဝေနိုင်ခဲ့သလို စာရေးဆရာများ၊ စာပေဝါသနာရှင်များကိုလည်း ပြုစုပျိုးထောင်ရာ အဓိကဌာနကြီးလည်း ဖြစ်ခဲ့ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေကို စာပေဗဟုသုတတွေ ပြည့်စုံလာစေဖို့၊ အသိဉာဏ်ပညာများ မြင့်မားလာစေဖို့အတွက် စာပေနဲ့တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြတဲ့ ခေတ်အဆက်ဆက်က စာပေပညာရှင်များကိုလည်း အသိအမှတ်ပြုလေးစားပါကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။ ယနေ့ အမျိုးသားစာပေဆုရှင် အများစုဟာလည်း ဒီစာပေဗိမာန်ကပဲ မွေးထုတ်ပေးခဲ့တာဖြစ်ပါတယ်။ ယခု ထွန်းဖောင်ဒေးရှင်းနဲ့ပူးပေါင်းပြီး မြန်မာ့စွယ်စုံကျမ်းတွဲများ ပြန်လည်တည်းဖြတ်ဖြည့်စွက်ထုတ်ဝေခြင်း ဆောင်ရွက်ခဲ့ရာမှာ ယခုဆိုရင် အတွဲ-၁(က-ကုတ်)ကို ခေတ်စနစ်နဲ့အညီ ပြန်လည်ပြင်ဆင်ထုတ်ဝေနိုင်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့လည်း ငယ်စဉ်ကတည်းက စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာမှတ်သားတဲ့ နေရာမှာ အဓိက အထောက်အကူပြုခဲ့တာက ဒီစာပေဗိမာန်ကထုတ်ဝေတဲ့ စာအုပ်၊ စာစောင်များပဲ ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက စာပေဗိမာန်၊ စာကြည့်တိုက်အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အဲဒီခေတ်ကထုတ်ဝေခဲ့တဲ့ စာအုပ်၊ စာစောင်တွေကိုလည်း ဖတ်ရှုခဲ့ရပါတယ်။ အဲဒီကနေရရှိခဲ့တဲ့ အသိပညာဗဟုသုတတွေဟာ ယနေ့ထက်တိုင် တန်ဖိုးမဖြတ်နိုင်တဲ့ စဉ်ဆက်မပြတ်လေ့လာသင်ယူမှုကို ဖြစ်စေခဲ့ပါတယ်။ ကျွန်တော်နဲ့ သက်တူ၊ ရွယ်တူတွေ၊ ကျွန်တော့်ထက် အသက်အရွယ်ကြီးမားသူတွေနဲ့ ငယ်ရွယ်သူတွေကလည်း စာပေဗိမာန်ရဲ့ ကျေးဇူးကြောင့် ခေတ်အမြင်၊ ခေတ်အသိ၊ တိုင်းကျိုးပြည်ပြုစာပေတွေကို ဖတ်ရှုလေ့လာခွင့်ရရှိခဲ့ကြမှာ ဖြစ်ပါတယ်။ ဒီအတွေ့အကြုံ၊ ဗဟုသုတတွေကို တိုင်းပြည်တည်ဆောက်ရေး၊ နိုင်ငံတည်ဆောက်ရေးနဲ့ အနိမ့်ဆုံးအဆင့် မိမိနဲ့ဆက်စပ်နေတဲ့ လူမှုပတ်ဝန်းကျင်ကို ကောင်းကျိုးပြု တိုးတက်စေတဲ့ လုပ်ငန်းတွေအတွက် အသုံးပြုခဲ့ကြမှာ အမှန်ပဲဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့လည်း ငယ်စဉ်ကတည်းက စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာမှတ်သားတဲ့နေရာမှာ အဓိက အထောက်အကူပြုခဲ့တာက ဒီစာပေဗိမာန်ကထုတ်ဝေတဲ့ စာအုပ်၊ စာစောင်များပဲ ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက စာပေဗိမာန်၊ စာကြည့်တိုက်အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အဲဒီခေတ်ကထုတ်ဝေခဲ့တဲ့ စာအုပ်၊ စာစောင်တွေကိုလည်း ဖတ်ရှုခဲ့ရပါတယ်။ အဲဒီကနေရရှိခဲ့တဲ့ အသိပညာဗဟုသုတတွေဟာ ယနေ့ထက်တိုင် တန်ဖိုးမဖြတ်နိုင်တဲ့ စဉ်ဆက်မပြတ်လေ့လာသင်ယူမှုကို ဖြစ်စေခဲ့

စာမျက်နှာ ၆ သို့ ☆

✯ စာမျက်နှာ ၅ မှ

လက်ရှိအချိန်ကာလမှာ ကျွန်တော်တို့နိုင်ငံဟာ ပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ **"စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်"**ကို လျှောက်လှမ်းနေတာ ဖြစ်ပါတယ်။ ဒီမိုကရေစီလို့ဆိုရာမှာ ကျွန်တော်တို့နိုင်ငံရဲ့အမျိုးသားရေးစရိုက်လက္ခဏာနဲ့ ယဉ်ကျေးမှုကို ထိခိုက်မှုမရှိစေတဲ့ ပညာရေးစနစ်မျိုး၊ လေ့လာသင်ယူနိုင်တဲ့ အခြေအနေမျိုးတွေကို ဖန်တီးဆောင်ရွက်နိုင်ဖို့လိုပါမယ်။ ဒီမိုကရေစီနိုင်ငံရေးကို သင်ကြားဖို့မဟုတ်ဘဲ ဒီမိုကရေစီအလေ့အကျင့် ကောင်းတွေကို သင်ကြားပေးနိုင်မယ့် ကောင်းမွန်တဲ့ ပညာရေးစနစ်၊ စဉ်ဆက်မပြတ်လေ့လာနိုင်တဲ့စနစ်ကို လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံသားတိုင်း ပညာရည်ပြည့်ဝဖို့ လိုပါမယ်။ မြန်မာနိုင်ငံသား ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ပြောခဲ့တဲ့ ဒီမိုကရေစီနဲ့ ပညာရေး အဆက်အစပ်ဟာ သတိပြုဖွယ်ဖြစ်ပါတယ်။ **"တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်ဟာ အခက်ခဲဆုံးဖြစ်တယ်။ ဒီမိုကရေစီအောင်မြင်ဖို့ ပြည်သူပြည်သားတွေက အသိဉာဏ်ပညာနဲ့ ဆင်ခြင်တုံတရား လုံလောက်စွာရှိရမယ်၊ ပညာရေးသည် နိုင်ငံတော်၏အခြေခံအစစ်ဖြစ်တယ်။ အသိဉာဏ်ကင်းမဲ့တဲ့နိုင်ငံမှာ ဒီမိုကရေစီစနစ်ဟာ ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မယ်"**လို့ ပြောခဲ့ဖူးတာ ဖြစ်ပါတယ်။ ဒုံကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ **"ပါတီစုံဒီမိုကရေစီစနစ်"**ခိုင်မာရေးနဲ့ **"ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု"**ကို တည်ဆောက်နိုင်ဖို့ နိုင်ငံသားတိုင်း ပညာရည်ပြည့်ဝဖို့ ဦးစားပေးဆောင်ရွက်ရပါမယ်။ စစ်ဘေး၊ စစ်ဒဏ်ကြောင့် ပညာရေးအားနည်းခဲ့ရတဲ့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားများအတွက် "အ"သုံးလုံးလှုပ်ရှားမှုဆိုတဲ့ စာတတ်မြောက်ရေးလှုပ်ရှားမှုကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော် နိုင်ငံတော်ရဲ့ အနာဂတ်ဟာ စာတတ်ရုံနဲ့မပြည့်စုံသေးပါဘူး။ စာဖတ်ဖို့နဲ့ စဉ်ဆက်မပြတ် လေ့လာဖို့ လည်းလိုအပ်ပါတယ်။ ဒါတွေလုပ်နိုင်ဖို့ အခြေခံအဆောက်အအုံ (Infrastructure)တွေ လိုပါတယ်။ စာသင်ကျောင်းတွေ၊ စာသင်ဌာနတွေကစပြီး စာအုပ်၊ စာပေထုတ်ဝေသူ အဖွဲ့အစည်းတွေ၊ ပြုစုသူ စာရေးဆရာတွေ၊ သုတေသီတွေ၊ စာကြည့်တိုက်တွေ၊ လှုံ့ဆော်သူတွေ စသဖြင့်လိုအပ်ပါတယ်။ ဒီအခြေခံအဆောက်အအုံတွေဟာလည်း မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုး၊ မိမိစာပေနဲ့ ယဉ်ကျေးမှုတွေအပေါ်မှာ သန့်စင်မြင့်မြတ်တဲ့ စိတ်ထားရှိဖို့လိုပါတယ်။ အယူဝါဒမှိုင်းကင်းစင်တဲ့ အသိပညာဗဟုသုတတွေကို ဖြန့်ဖြူးပေးရပါလိမ့်မယ်။ အဆိပ်အတောက်ကင်းစင်တဲ့ စာပေတွေဖြစ်ဖို့လိုပါတယ်။ ၂၀၁၁ ခုနှစ် နောက်ပိုင်း၊ အထူးသဖြင့် ၂၀၁၅ ခုနှစ် နောက်ပိုင်းမှာ ထုတ်ဝေခဲ့တဲ့ အချို့သောစာအုပ်စာပေတွေ၊ စာပေဟောပြောပွဲအမည်ခံ ပြောဆိုမှုတွေဟာ ဒီမိုကရေစီစနစ်ထူထောင်စ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့၊ စိတ်ဝမ်းကွဲပြားမှုများပြားတဲ့ လူမှုအဖွဲ့အစည်း **(Highly Divided Society)**တွေကို ဦးတည်သွားစေခဲ့တာကို လည်း မြင်တွေ့နိုင်ပါလိမ့်မယ်။ ဒါတွေထပ်မဖြစ်ဖို့ ကျွန်တော်တို့ ဆင်ခြင်ရပါလိမ့်မယ်။

၂၀၁၉ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ ရှေ့ပြေးသန်းခေါင်စာရင်းအရ ကျွန်တော်တို့နိုင်ငံ လူဦးရေရဲ့ သုံးပုံတစ်ပုံခန့်ဟာ ပညာရေးအားနည်းနေတာတွေ့ရပါတယ်။ ဒုံကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ပညာရည်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေပါတယ်။ အခြေခံဥပဒေမှာ နိုင်ငံသားတိုင်း အခြေခံပညာမူလတန်းအဆင့် ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ရည်မှန်းချက်ထက်ကျော်လွန်ပြီး နိုင်ငံသားတိုင်း KG+9 အဆင့်(အခြေခံပညာ အလယ်တန်းအဆင့်) ရောက်ရှိစေရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့က နိုင်ငံ့အနာဂတ်၊ ဒီမိုကရေစီစနစ်ရဲ့ အနာဂတ်ကို အခြေခံကျကျ တည်ဆောက်နေတာဖြစ်ပါတယ်။ နိုင်ငံသားတိုင်း ပညာရည်မြင့်မားခြင်းနဲ့ အနာဂတ်တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်တွေကို တိုင်းရင်းသားပြည်သူအားလုံး ခံစားရမှာဖြစ်ပါတယ်။ စာတတ်သူတိုင်း စာဖတ်လာအောင်၊ စာဖတ်သူတိုင်း ကောင်းမွန်မှန်းကန်တဲ့ အသိပညာဗဟုသုတတွေ ရလာအောင်၊ တိုင်းကျိုးပြည်ပြုစိတ်တွေ ကိန်းအောင်းလာအောင် ကျွန်တော်တို့ ဆောင်ရွက်ကြရပါမယ်။

ဒီလို **"ပညာပြည့်ဝ နှလုံးလှတဲ့"** လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ စာပေဗိမာန်အနေနဲ့ အတိတ်ကာလမှာ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သလို ယခုပစ္စုပ္ပန်ကာလနဲ့ အနာဂတ်ကာလတွေမှာလည်း ပါဝင်နိုင်အောင်ဆောင်ရွက်ကြရပါမယ်။ စာပေဗိမာန်ကြီးက ယခုလိုဆောင်ရွက်နေခြင်းဟာ အမျိုးသားရေးတာဝန်တစ်ရပ်ကို စာပေစွမ်းအားဖြင့် မြှင့်တင်နေခြင်းပဲ ဖြစ်ပါတယ်။ စာပေဗိမာန်ကထုတ်ဝေတဲ့ စာကောင်းပေမွန်များ၊ သုတ၊ ရသစာပေများကို ဖတ်ရှုခြင်းဖြင့် အသိပညာ၊ အတတ်ပညာနဲ့ ဗဟုသုတများပြည့်စုံတဲ့ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အမျိုးသားရေးစိတ်ဓာတ်များရှင်သန်လာပြီး မိမိယဉ်ကျေးမှုဘာသာဓလေ့ထုံးစံတွေကို တန်ဖိုးထားမြတ်နိုးတတ်တဲ့ အလေ့အထကောင်းများရှိလာမယ့် စာတတ်ပေတတ် အနာဂတ်မျိုးဆက်သစ်လူငယ်များ တိုးပွားလာစေမှာ ဖြစ်ပါတယ်။ ဒီလို စာတတ်ပေတတ် ပညာရည်မြင့်မားတဲ့ မျိုးဆက်များ ပေါ်ထွန်းလာမှသာ နိုင်ငံတော်ရဲ့အနာဂတ်ပုံရိပ်ပိုမိုလှပလာမှာ ဖြစ်ပါတယ်။

"အမှောင်ခွင်း၍ အလင်းဆောင်အုံ့"ဆိုတဲ့ စာပေဗိမာန်ရဲ့ ဆောင်ပုဒ်နဲ့အညီ စာပေဗိမာန်ကထုတ်ဝေတဲ့စာပေ၊စာကောင်းများဟာ အမျိုးသားရေးကို ထိခိုက်စေနိုင်တဲ့ **"ဝါဒမှိုင်း၊ စာပေမှိုင်း"**များ မပါဘဲ ၃၈ ဖြာမင်္ဂလာတရားတော်နဲ့အညီ ကျင့်ကြံနေထိုင်တတ်တဲ့ ခေတ်အမြင်၊ ခေတ်အတွေးနဲ့ ပညာဗဟုသုတပြည့်စုံတဲ့ နိုင်ငံ့သားကောင်း၊ သမီးရတနာများ တိုးပွားလာရေးကိုရည်ရွယ်ပြီး ထုတ်ဝေခဲ့ခြင်းဖြစ်ပါတယ်။ ပညာတတ်လူရည်ချွန်၊ လူရည်မွန်များ တိုးပွားလာမှသာ ဒီမိုကရေစီစံနှုန်းများနဲ့ အနှစ်သာရကို ကောင်းစွာသဘောပေါက်နားလည်ပြီး မြန်မာ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုတဲ့ လူ့ဘောင်သစ်အဖွဲ့အစည်း ပေါ်ပေါက်လာမှာလည်း ဖြစ်ပါတယ်။ စာပေဗိမာန်ကြီးက ဒီလိုတိုင်းကျိုးပြည်ပြုလုပ်ငန်းတွေကို ဆောင်ရွက်တဲ့ နေရာမှာ ဂုဏ် နှစ်တာကာလအတွင်း စာပေဗိမာန်မှာ ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အရာထမ်း၊ အမှုထမ်းတွေအားလုံးကိုလည်း ဂုဏ်ပြု၊ အသိအမှတ်ပြုပါကြောင်းကိုလည်း အလေးထားပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့

ကျွန်တော်တို့အစိုးရအနေနဲ့ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)"**ဆိုတဲ့ ဆောင်ပုဒ်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသား ပြည်သူအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ရာမှာ စာပေဗိမာန်သည်လည်း စာပေအားဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေတယ်ဆိုတာ ကျွန်တော့်အနေနဲ့ယုံကြည်ပါတယ်။

ဒီစာပေဗိမာန်ကြီးဟာ အမျိုးသားရေးကြိုးပမ်းမှုကာလ တစ်လျှောက်လုံးမှာ စဉ်ဆက်မပြတ် စာပေလုပ်ငန်းများနဲ့ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့တာဟာဆိုရင် ယခုဆို စိန်ရတုကာလ တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းပြည်တိုးတက်ရေး၊ စာကောင်းပေမွန်များ တိုးပွားထုတ်လုပ်နိုင်ရေး လုပ်ငန်းတွေကို ယခုထက်မက ဆောင်ရွက်နိုင်ပြီး ယခုကျရောက်တဲ့ စာပေဗိမာန်ရဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် တည်တံ့ပါစေကြောင်း၊ နိုင်ငံတည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ ကျရာကဏ္ဍက စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

❖ စာမျက်နှာ ၄ မှ

ထို့ကြောင့် ဆည်ရေပေးဝေမှုလုပ်ငန်းများတွင် တောင်သူကြီးများကိုယ်တိုင် ပါဝင်စီမံပြီး **မိမိတို့၏ စုပေါင်းအင်အားများဖြင့် တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်နှင့် မိမိအကျိုး၊ နိုင်ငံတော်အကျိုးမျှော်ကိုးပြီး သာယာဝပြောရေ စားရေရိက္ခာပြည့်စုံကြွယ်ဝသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်အောင်ပါဝင်ဆောင်ရွက်ပေးကြရန်** တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသည့် နိုင်ငံတစ်ဝန်းရှိ ရေအသုံးချသူများအဖွဲ့ ခေါင်းဆောင် တောင်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ရေအသုံးချသူများအဖွဲ့ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းပြခန်း၊ ငလိုက်ရေလှောင်တမံ ဆည်ရေသောက်စနစ်ပြခန်း၊ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်းပြခန်း၊ ဘူမိဗေဒဌာနခွဲမှ မြေအောက်စူးစမ်းလေ့လာခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသော စက်ကိရိယာများ ပြခန်း၊ ရေလှောင်တမံများ၏ အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်ပြခန်း၊ နေရောင်ခြည်စွမ်းအင်သုံး အနိမ့်တင်၊ အမြင့်တင် ရေစုပ်စက်များဖြင့် ရေတင်ယူခြင်းပြကွက်၊ စက်မှုလယ်ယာဦးစီးဌာန၏ စက်မှုလယ်ယာ စနစ်တကျ လယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းပြခန်း၊ ပတ်လည်ရေဖျန်းစနစ်ဖြင့် စိုက်ခင်းများ ရေပေးဝေခြင်းပြခန်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သဘာဝမြေဩဇာထုတ်လုပ်မှု ပြခန်းများနှင့် ပြင်ပပြကွက်များ၌ ရေစုပ်စက်ကိရိယာများ၊ ရေဖျန်းစက်ကိရိယာများ၊ လယ်ယာသုံးစက်ကိရိယာများ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း)မှ ရေထိန်းညှိရေတံခါးများတပ်ဆင်၍ ရေပေးဝေမှု သရုပ်ပြသမှုများနှင့် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲကာ စိုက်ပျိုးရေပေးဝေမှု လုပ်ငန်းများကို အထောက်အကူပြုစေရန်၊ စနစ်တကျ တည်ဆောက် ထိန်းသိမ်းထားသည့် ဆည်တမံရေတင်လုပ်ငန်းများမှ ရေများကို စိုက်ကွင်းများအရောက် အသုံးပြုရာတွင် အလေအလွင့်အနည်းဆုံးနှင့် အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေး အထောက်အကူပြုစေရန်၊ ရေစီမံခန့်ခွဲမှုတွင် ရေအသုံးချသူများကိုယ်တိုင် ပူးပေါင်းပါဝင်စီမံခန့်ခွဲသည့်စနစ်သို့ မြှင့်တင်ဆောင်ရွက်သွားနိုင်ရန်၊ ရေအသုံးချသူများအဖွဲ့(WUG)မှ ရေအသုံးချသူများအသင်း(WUA)များ မြှင့်တင်ဖွဲ့စည်းပြီး ဆည်ရေစီမံခန့်ခွဲမှုကို တောင်သူများသို့ လွှဲပြောင်းနိုင်ရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုရန် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရေအသုံးချသူများအဖွဲ့(WUG)နှင့် ရေအသုံးချသူများအသင်း(WUA)များတွင် တက်ကြွစွာပါဝင်ရေး စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ပိုမိုထွန်းကားလာစေရန် ရေစီမံခန့်ခွဲမှု ဆောင်ရွက်ရာတွင် ရေအသုံးချသူများအဖွဲ့တို့၏ အခန်းကဏ္ဍ အရေးပါမှုနှင့် ဆည်ရေစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများပြန့်ပွားရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အထောက်အကူပြုရန်၊ အသင်းအဖွဲ့များအားကောင်းလာပါက အဖွဲ့ဝင်တောင်သူများအချင်းချင်း ညှိနှိုင်း၍ တူညီသည့် သီးနှံပုံစံရွေးချယ်ပြီး စိုက်ပျိုးရိတ်သိမ်းချိန် တူညီစွာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်ခြင်းကြောင့် ဈေးကွက်ဝင်ထုတ်ကုန်များ ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်လာနိုင်ပြီး အသင်းအဖွဲ့အနေဖြင့် ခိုင်မာသောဈေးကွက်များနှင့် ချိတ်ဆက်၍ဝင်ငွေတိုးတက်ရရှိလာစေရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖြန့်ဝေပေးနိုင်ရန်၊ WUG/WUA များဖွဲ့စည်းပြီး တောင်သူများ ပူးပေါင်းပါဝင်မှုဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်သွားရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရေအသုံးချသူများအဖွဲ့ ခေါင်းဆောင်တောင်သူများနှင့် အဖွဲ့ဝင် တောင်သူ ၂၀၀ တက်ရောက်ကြပြီး တောင်သူ ၂၅၀ က Online Virtual ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲ တက်ရောက်လာသည့် ရေအသုံးချသူများအဖွဲ့ ခေါင်းဆောင် တောင်သူများနှင့် အဖွဲ့ဝင်တောင်သူများသည် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ် တက်ရောက်ပါဝင် ဆွေးနွေးခြင်း၊ ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းနှင့် စိုက်ပျိုးရေးသုတေသနဆိုင်ရာ ပို့ချမည့် သင်တန်းများသို့လည်းကောင်း၊ ဆည်ရေစီမံခန့်ခွဲမှုနှင့် ရေအသုံးချသူတောင်သူများ၏ အခန်းကဏ္ဍနှင့် စိုက်ပျိုးသီးနှံနှင့် မြေအသုံးချမှုဆိုင်ရာ အသိပညာများ ပို့ချမည့် သင်တန်းများသို့ လည်းကောင်း လေ့လာတက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

> **❖ မိမိတို့၏ စုပေါင်းအင်အားများဖြင့် တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်နှင့် မိမိအကျိုး၊ နိုင်ငံတော်အကျိုးမျှော်ကိုးပြီး သာယာဝပြောရေ စားရေရိက္ခာပြည့်စုံကြွယ်ဝသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်အောင် ပါဝင်ဆောင်ရွက်ပေး**

စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် သြဂုတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သမိုင်းမှတ်တမ်းပုံရိပ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် Video Message ဖြင့် မိန့်ခွန်းပြောကြားစဉ်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ၏ စေတနာနှင့် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှောက်ခြင်းအနေဖြင့် ပညာရှင်ကြီးများ၏ လူမှုဘဝပိုမိုဖူလုံစေရေးအတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို တိုးမြင့်ချီးမြှင့်ခဲ့ပါကြောင်း၊ ထို့အပြင် စာပေပညာရှင်များကိုလည်း ထိုက်တန်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး၊ ဆရာမကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း စီစဉ်ပေးလျက်ရှိပါကြောင်း။

အထူးသဖြင့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ အနုပညာရပ်ဝန်းအသီးသီးရှိ အနုပညာဖန်တီးမှု လုပ်ငန်းများကို နိုင်ငံတကာနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် စာပေဗိမာန်၏ ရင်ပေါင်တန်းလျက် အဆင့်မြင့် ခေတ်မီစွာ ဆောင်ရွက်နိုင်ရန်အတွက် အနုပညာဗဟိုဌာန အဆောက်အအုံ(Art Centre)ကို တည်ဆောက်ရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုနည်းတူ စာရေးဆရာကြီးများ၊ စာပေပညာရှင်ကြီးများ စာပေရေးဖွဲ့ဖန်တီးမှု လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန်၊ စာပေလောကသားများ စုစည်းဆောင်ရွက်စေရန်၊ မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ထာဝရရှင်သန်စေရန်၊ စာပေချစ်မြတ်နိုးသူများ လေ့လာနိုင်ရန် စာဆိုဗိမာန်ကြီး တည်ဆောက်ရန်အတွက် စတင်စိုင်းပြင်းနေပြီဖြစ်ပါကြောင်း၊ မြန်မာစာပေနယ်ပယ် ဖွံ့ဖြိုးရေးနှင့် စာပေလောကသားများ စည်ပင်ဖူလုံရေးအတွက် အရေးထားဆောင်ရွက်ပေးခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း ဂါရဝပြု ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် စာပေဗိမာန်တွင် စာတည်းမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သည့် ဦးအောင်သန်းအား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာရေးဆရာအသင်း(ကိုယ်စား) ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)အား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကို ၁၉၆၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၄၁ နှစ်ကြာ စာပေဗိမာန်တွင် စာတည်းမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သည့် ဦးမောင်လှိုင်အား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် စာပေဗိမာန်၏ အနေဖြင့် စာပေဗိမာန်၏ စာအုပ်စာပေ ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာစာပေ ဖွံ့ဖြိုးရေးလုပ်ငန်းများ သွက်လက်ရန်၊ စာကောင်းပေမွန်များ ထုတ်ဖော်နိုင်ရန်၊ ခေတ်စနစ်နှင့်ကိုက်ညီသည့် စာအုပ်စာပေများ ထုတ်ဝေနိုင်ရန်၊ ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းမည့် စာပေများ၊ အထူးသဖြင့် လူငယ်များအတွက် နှလုံးရည်နှင့် ဉာဏ်ပါဝင်ကူညီခဲ့ကြသလို ရှေ့ဆက်လက်ပြီး ပါဝင်ကူညီကြရန် ပန်ကြားလိုပါကြောင်း။

စာပေသည် စိတ်၏အစာ၊ ဦးနှောက်အတွက် အာဟာရ၊ စာပေသည် ဘဝ၏မီးရှူးတန်ဆောင်၊ စာအုပ်စာပေ လူ့မိတ်ဆွေ စသည်ဖြင့် စာပေပညာရှင်ကြီးများက ဆိုမိန့်ခဲ့ပါကြောင်း၊ စာပေဗိမာန်သည် ယင်းစာပေအလင်းကို စာပေရောင် ထွန်းလင်းပေးသော မီးအိမ်ရှင်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက စာပေရန်ပုံငွေအတွက် အလှူငွေကျပ် သိန်းပေါင်း ၂၁၄၀ ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ပေးအပ်လှူဒါန်းရာ ဆရာကြီး ဦးမောင်မောင်လတ် (နောင်)က လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက စာပေရန်ပုံငွေအတွက် အလှူငွေကျပ် ၇၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဆရာမကြီး ဒေါ်ချိုချိုတင် (မစန္ဒာ)က လက်ခံရယူသည်။

စာမျက်နှာ ၈ သို့ *

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

❒ ကျောဖုံးမှ

ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဌေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး Colonel Sergei Kurchenko နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရှီရီမီကျဲဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General A.V.Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်နှင့်ဇနီး၊ FSMTC မှ Alexander V.Ostrvovskiy နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း စာပေရန်ပုံငွေအတွက် အလှူငွေကျပ် ၇၅ သိန်း ပေးအပ်ရာ ဆရာမကြီးဒေါ်ချိုချိုတင်(မစန္ဒာ)က လက်ခံရယူစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများအား လှူဒါန်းသည့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဆရာကြီး ဒေါက်တာမောင်သင်း(မောင်သင်း-သပြေ)က လက်ခံရယူစဉ်။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက စာပေရန်ပုံငွေအတွက်လှူဒါန်းသော ငွေကျပ်သိန်းပေါင်း ၂၁၄၀ ကို ပေးအပ်ရာ ဆရာကြီး ဦးမောင်မောင်လတ်(နောင်)က လက်ခံရယူစဉ်။

*** စာမျက်နှာ ၆ မှ**

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများအား လှူဒါန်းသည့် လက်ဆောင်ပစ္စည်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံကပေးအပ်ရာ ဆရာကြီး ဒေါက်တာမောင်သင်း(မောင်သင်း-သပြေ)က လက်ခံရယူသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုတို့က စာပေဗိမာန်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ဂုဏ်ပြုလက်ဆောင်များပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့(ကိုယ်စား) ဦးသိန်းလွင်(မြန်စာမြေသိန်းလွင်)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (ကိုယ်စား) ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း(ကိုယ်စား) ဦးညွှန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့(ကိုယ်စား) ဦးစိန်လှိုင်(သူရဇော်)နှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့(ကိုယ်စား) ဦးမောင်မောင်ဦး(ဟိန်းလတ်) တို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး စာပေဗိမာန်(၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားသို့ မကျန်းမာသည့်ကြားမှ တက်ရောက်လာသည့် အမျိုးသားစာပေတစ်သက်တာဆုရှင် စည်သူဒေါက်တာ ခင်မောင်ညွှန့်အား နေရာအရောက် အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဆရာကြီး ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စာပေဗိမာန် (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ စာပေဗိမာန်တိုက်ထုတ် စာအုပ်စာစောင်များ၊ မြန်မာ့စွယ်စုံကျမ်းကဏ္ဍ၊ မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ်၊ မြန်မာနိုင်ငံဘာသာပြန်အသင်းမှ ထုတ်ဝေသော စာအုပ်များ၊သုတပဒေသာစာစောင်ကဏ္ဍ၊ စာပေဗိမာန်မဂ္ဂဇင်းကဏ္ဍ၊ ရွှေသွေးဂျာနယ်ကဏ္ဍ၊ ရွှေသွေးဂျာနယ် အထူးထုတ်ကဏ္ဍ၊ အမျိုးသားစာပေဆု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

စိုက်ထူနိုင်ခဲ့

စာပေဗိမာန်သည် (၇၅)နှစ်တာ သက်တမ်းတစ်လျှောက် အမှောင်ခွင်း၍ အလင်းဆောင်အံ့ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထု ပညာဗဟုသုတတိုးပွားရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း စာပေသမိုင်းမှတ်တိုင်များစွာကို စိုက်ထူနိုင်ခဲ့သည်။ လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ်စာစဉ်များ၊ ကျောင်းသုံးစာအုပ်ဘာသာပြန်များ၊ မြန်မာ့စွယ်စုံကျမ်းအုပ်တွဲများ၊ နှစ် ၅၀ စာစဉ်များ၊ စာပေဗိမာန်မဂ္ဂဇင်း၊ ပြည်သူ့လက်စွဲစာစဉ်များ၊ လူထုသိပ္ပံကျမ်း ကိုးတွဲ၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များ၊ ရွှေသွေးဂျာနယ်၊ သုတပဒေသာစာစောင်စသည်ဖြင့် စာပေဗိမာန်သက်တမ်းတစ်လျှောက်တွင် ထုတ်ဝေဖြန့်ချိခဲ့သည့် တန်ဖိုးနည်းသလောက် ဝန်ပါလှသည့် စာအုပ်စာစောင်၊ ကျမ်းပေါင်းများစွာတို့ဖြင့် ပြည်သူလူထုကို အကျိုးပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✪ ဖျန်ကြိုးပြင်ကာကွယ်တောမှ

ဝ၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း(၁) ရက်(၂၀၂၂ ခုနှစ်၊ သြဂုတ် လ ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ဖျန်ကြိုးပြင်ကာကွယ်တောသတ်မှတ်သည့် ဧရိယာ၏ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ အသုံးပြုနေသော စိမ့်စမ်းရေများ၏ ရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကျက်စားနေထိုင်လျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ဖျန်ကြိုးပြင်ကာကွယ်တောအတွင်း ပျဉ်းကတိုး၊ ထောက်ကြံ့၊ အင်ကြင်း စသော အဖိုးတန်သစ်မျိုးများနှင့် နဘဲ၊ ချဉ်ယုတ်၊ နှော၊ အင်၊ ဇောင်းပုလွေး စသောသစ်မျိုးများ ပေါက်ရောက်ခြင်း၊ ချေ၊ တောကြောင်၊ တောဝက် စသော တိရစ္ဆာန်များနှင့် ငုံး၊ ခါ၊ ရစ်၊ ချိုး စသည့် ငှက်မျိုးများ၊ ဖွတ်၊ ပုတတ်၊ မြွေ စသည့်တွားသွားသတ္တဝါများ၏ ကျက်စားရာ နေရာဒေသဖြစ်ခြင်း၊ ဥပဒေများနှင့်အညီ စနစ်တကျထိန်းသိမ်း စီမံအုပ်ချုပ်ရန် လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာရခြင်းဖြစ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမရပူရမြို့နယ် ဧရာဝတီမြစ်အတွင်း ငါးကောင်ရေ ကိုးသိန်း မျိုးစိုက်ထည့်

နေပြည်တော် သြဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ အမရပူရမြို့နယ် လက်ပံပင်ဆိပ်အနီး ဧရာဝတီမြစ်အတွင်းသို့ သြဂုတ် ၂၅ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်ကမ်းဘေး၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးခင်မောင်ထွန်း၊ သရက်ကုန်း ငါးလုပ်ငန်းစခန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်း၊ ကူမဲငါးလုပ်ငန်းစခန်းနှင့် ရေနံသာငါးလုပ်ငန်းများမှ တာဝန်ခံများနှင့် ဝန်ထမ်းများက ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၆ ဒသမ ၅ သိန်း၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၂ ဒသမ ၅ သိန်း စုစုပေါင်း ငါးကောင်ရေ ကိုးသိန်းအား ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တစ်ဖွဲ့ချင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး စတုတ္ထနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် သြဂုတ် ၂၆

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း ယနေ့နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန ဧည့်ခန်းမ၌ တစ်ဖွဲ့ချင်း သီးခြားစီ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

စတုတ္ထနေ့ဆက်လက်ကျင်းပ

ဆက်လက်၍ နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ စတုတ္ထနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် လေးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ် ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ပေးအပ်

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိုဂုံးချုပ်အမှာစကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုးသယံဇာတပိုးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်၊ တပ်ပေါင်းစုနိုင်ငံရေးစာအုပ်၊ MRTV DTH Receiver ၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး

သတင်းစဉ်

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီး တေးသီချင်းအမည်များ ထုတ်ပြန်ကြေညာ

ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရမည့်အဆင့်များ

၁။ ၂၀၂၂ ခုနှစ်၊(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောက်ဖော်ပြပါအဆင့်များဖြင့် ယှဉ်ပြိုင်ရန်ဖြစ်ပါသည် -

(က) ဝါသနာရှင်(ပထမတန်း)အဆင့်
(ခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(ဂ) အဆင့်မြင့်ပညာအဆင့်
(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်
(c) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

ပြိုင်ပွဲဝင်ရမည့်ဘာသာရပ်များ

၂။ ၂၀၂၂ ခုနှစ်၊(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောက်ဖော်ပြပါ ဘာသာရပ်များဖြင့် ယှဉ်ပြိုင်ရန်ဖြစ်ပါသည် -

(က) အဆိုပြိုင်ပွဲ
(၁) မဟာဂီတ(အဆင့်အားလုံး)
(၂) ခေတ်ဟောင်းတေး/ကာလပေါ်(အဆင့်အားလုံး)
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ (ဝါသနာရှင် -ဒုတိယတန်းအဆင့်၊ အဆင့်မြင့်ပညာအဆင့်)

(ခ) အကပြိုင်ပွဲ
(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)
(၂) မြန်မာအကအခြေခံကဗျာလွတ်အက(ပထမအဆင့်)(အမျိုးသမီး) ၁၆ ဦး ယိမ်းအကပြိုင်ပွဲ၊ (အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်းအဆင့်)
(၃) တိုင်းရင်းသားရိုးရာအက/ ကျေးလက်ရိုးရာအကပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး ကြာမြင့်ချိန် အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန်)
(၄) မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ
(၅) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့် ရာမာယဏဇာတ်တော်ကြီး(ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ဝိုပြောနှင့် အခြားပညာရှင် ၂၃ဦး၊ ဆိုင်း ၈ ဦး စုစုပေါင်း ၃၁ ဦး ယှဉ်ပြိုင်ရန်၊)
(၆) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ ဝါသနာရှင်(ပထမတန်း)အဆင့် ငါးပါဒအက္ခရာဇာတ် (ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၁နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့် ဆိုင်ဝိုပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦးယှဉ်ပြိုင်ရန်၊)
(၇) ဝါသနာရှင်(ဒုတိယတန်း)အဆင့် ရုပ်သေးကြိုးဆွဲပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး) (မင်းသမီးအရုပ်ကို မဖြစ်မနေယှဉ်ပြိုင်ရမည်ဖြစ်ပြီး မင်းသားအရုပ်နှင့် ဇော်အရုပ်ကို မဲနှိုက်၍ယှဉ်ပြိုင်ရန်၊)
(၈) ကွက်စိပ်ပြိုင်ပွဲ
(ကက) ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)၊ မဟော်သဓာဇာတ်၊
(ခခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)၊ ကေဒါရကျေးမင်းဇာတ်။

(ဂ) အရေးပြိုင်ပွဲ
(၁) ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား/အမျိုးသမီး)
(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)
(၃) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)
(၄) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့် (အမျိုးသား/ အမျိုးသမီး)

(ဃ) အတီးပြိုင်ပွဲ

(၁) စောင်း	-	တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၂) စန္ဒရား	-	တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၃) ပတ္တလား	-	တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၄) တယော	-	တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၅) မယ်ဒလင်	-	တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၆) ဂီတာ	-	တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၇) ဒုံမင်း	-	တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၈) ဆိုင်းတစ်ဦးချင်း	-	တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၉) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်	-	အဖွဲ့လိုက်(အမျိုးသား-၈ဦး၊ အမျိုးသမီး-၈ဦး)
(၁၀) နဲ	-	တစ်ဦးချင်း(အမျိုးသား)
(၁၁) ပလွေ	-	တစ်ဦးချင်း(အမျိုးသား)
(၁၂) အိုးစည်	-	အဖွဲ့လိုက်(အမျိုးသား - ၅ ဦး)
(၁၃) ဒိုးပတ်	-	အဖွဲ့လိုက်(အမျိုးသား - ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်။

၃။ ၂၀၂၂ ခုနှစ်၊(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆင့်အလိုက်ယှဉ်ပြိုင်ရန် သတ်မှတ်ထားသောဘာသာရပ်များအနက် ဘာသာရပ်တစ်ခုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တစ်ဦး/တစ်ဖွဲ့သာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်

တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေး အမှတ်စဉ် ၃/ ၂၀၂၂ ကျင်းပ

နေပြည်တော် သြဂုတ် ၂၆

တရားလွှတ်တော်ရှေ့နေများ ကောင်စီ၏ ၃/ ၂၀၂၂ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဧမျူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် အားကစားလေ့ကျင့်ရေးစခန်း တိုက်အမှတ် (၆) Cluster-1 ၌ ကျင်းပရာ တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြောကြား

အစည်းအဝေးတွင် ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှေ့နေကျင့်ဝတ်ဖောက်ဖျက်မှုများနှင့် စပ်လျဉ်းပြီး အရေးယူရန် သင့်၊ မသင့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သဘောထားတောင်းခံမှု အပေါ် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ပြီး သဘောထားပြန်ကြားပေးရန်ဖြစ်ကြောင်း၊ တရားလွှတ်တော် ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားလွှာ ၁၉၂ ဦးအတွက်လည်း ကန့်ကွက်ရန် ရှိ၊ မရှိ မှတ်ချက်ပြုပေးစေလိုကြောင်း၊ ကောင်စီဝင်များ အနေဖြင့် အကြံပြုတွေ့ရှိချက် သုတေသနစာတမ်းများနှင့် ရှေ့နေရှေ့ရပ်များ အရည်အချင်းပြည့်ဝရေး အတွက် အသိပညာပေးနိုင်သော သင်တန်းများ ပေးရေးကိုလည်း ဝိုင်းဝန်းဆွေးနွေးစေလိုကြောင်း၊ ရှေ့နေ Lawyer နှင့် ဥပဒေပညာရှင် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရေးကိစ္စနှင့် နိုတရီအယ် တံဆိပ်ခေါင်းလက်ရှိရောင်းချလျက်ရှိသောနေရာများ ဆုံးဖြတ်ကြရန်လည်းလိုကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီကထုတ်ဝေမည့် ပြက္ခဒိန်၊ ဒိုင်ယာရီနှင့် မှတ်စုစာအုပ်တို့ကိုလည်း ဆွေးနွေးအကြံပြုပေးစေလိုကြောင်း၊ နှစ်စဉ်ကြေးများကို အွန်လိုင်းစနစ်ဖြင့် ပေးသွင်းနိုင်ရန် ဆောဖ်ဝဲရေးဆွဲရေးကိစ္စကိုလည်း ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကောင်စီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖြစ်ကြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ တရားလွှတ်တော်ရှေ့နေများ ဖြစ်ကြသော ဦးမြသိန်း၊ ဒေါ်ခင်နုသာ၊ ဦးလှဟန်၊ ဦးစိုးမြင့်၊ ဦးစိုးသိန်း၊ ဦးဝင်းဖေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး၊ ကောင်စီအတွင်းရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်တို့က ပြန်လည်ဆွေးနွေးတင်ပြကြပြီး ကောင်စီဥက္ကဋ္ဌက ဆွေးနွေးအကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပိုမိုကောင်းမွန်သော သတင်းလောကကြီး တည်ဆောက်နိုင်ရန် သတင်းမီဒီယာကောင်စီကို လေးစားအားကိုး

ရန်ကုန် သြဂုတ် ၂၆

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်ပညာရှင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၁ ခုနှစ်အတွက် စာပေဆုများကို နိုဝင်ဘာ ၂၃ ရက် စာဆိုတော်နေ့တွင် ကြီးကျယ်ခမ်းနားစွာ ပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ တက်ရောက်လာကြသော စာပေပညာရှင်ကြီးများက ဆုများ ရွေးချယ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း၊ တစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု များကို အမှန်ကန်ဆုံး၊ အထိုက်တန်ဆုံးဖြစ်အောင် ရွေးချယ်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ချီးမြှင့်ရေးအတွက် အစည်းအဝေးများ ကျင်းပပြုလုပ်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိန်လှိုင် (သူရဇော်)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)နှင့် တက်ရောက်လာကြသည့် စာပေပညာရှင်များက စာပေဆုများ ရွေးချယ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဆုရွေးချယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိုဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအား တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ယခု ထက်ပိုမိုကောင်းမွန်သော သတင်းလောကကြီးကို တည်ဆောက်နိုင်ရန် သတင်းမီဒီယာကောင်စီကို လေးစား အားကိုးကြောင်း၊ သတင်းတု၊ သတင်းမှားများကို ပြည်သူများ ထဲထဲဝင်ဝင်သိရှိနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးမှတ်စုစာအုပ်တို့ကိုလည်း ဆွေးနွေးအကြံပြုပေးစေလိုကြောင်း၊ နှစ်စဉ်ကြေးများကို အွန်လိုင်းစနစ်ဖြင့် ပေးသွင်းနိုင်ရန် ဆောဖ်ဝဲရေးဆွဲရေးကိစ္စကိုလည်း ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကောင်စီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖြစ်ကြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ တရားလွှတ်တော်ရှေ့နေများ ဖြစ်ကြသော ဦးမြသိန်း၊ ဒေါ်ခင်နုသာ၊ ဦးလှဟန်၊ ဦးစိုးမြင့်၊ ဦးစိုးသိန်း၊ ဦးဝင်းဖေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး၊ ကောင်စီအတွင်းရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်တို့က ပြန်လည်ဆွေးနွေးတင်ပြကြပြီး ကောင်စီဥက္ကဋ္ဌက ဆွေးနွေးအကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံ့သားကောင်း လူရည်ချွန်များပေါ်ထွက်လာစေရေး ပြုစုပျိုးထောင်ပေးရန် လွန်စွာအရေးကြီး

နေပြည်တော် သြဂုတ် ၂၆

ကျောင်းသား ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းချစ်/ ပြည်ချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးနှင့် ဗဟုသုတနန်းဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ **"လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ"** ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဧမျူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၁၁) ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လူငယ်များ၏ အနာဂတ်ဘဝရည်မှန်းချက် အလားအလာကောင်းမွန်စေရေး၊ နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်ရေးတို့ကို ရည်ရွယ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို ပြုလုပ်လျက်ရှိပြီး မတ်လမှ ဇူလိုင်လအထိ မြို့နယ်ပေါင်း ၂၂၁ မြို့နယ်တွင် အကြိမ်ရေစုစုပေါင်း ၂၉၀ ပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူအင်အား ၅၇၆၈၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ တိုင်းပြည်၏ အခန်းကဏ္ဍများကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် တာဝန်ယူမှု/ တာဝန်ခံမှုရှိပြီး နိုင်ငံ့သားကောင်းလူရည်ချွန်များ ပေါ်ထွက်လာစေရေး ပြုစုပျိုးထောင်ပေးရန် လွန်စွာအရေးကြီးကြောင်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးအတွက် နည်းပညာသင်တန်းနှင့် သက်မွေးပညာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားသွားရန်ရှိကြောင်း၊ ယနေ့ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် ယခုဟောပြောပွဲမှရရှိသော ဗဟုသုတများ၊ အတွေးသစ်/ အမြင်သစ်များကို လေ့လာမှတ်သားပြီး **"လူငယ်အင်အားစွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင်အလင်းဆောင်အံ့"** ဆိုသည့် လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သော အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းတို့က လူငယ်ရေးရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧမျူသီရိမြို့နယ် တိုက်ကွမ်ဒိုအဖွဲ့နှင့် Physical Fitness Dance အဖွဲ့တို့က သရုပ်ပြတင်ဆက်ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အဆိုပါအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်ဝင်းထံ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစ ....

မင်းခေါင်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့၏ သြဂုတ်လ ၁၇ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့မှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သြဂုတ် ၁၉ ရက်နေ့တွင် အပြည့်အစုံအကျယ်တဝင့် ဖော်ပြခဲ့ပါသည်။

သာမန်အားဖြင့် အထူးကိုယ်စားလှယ်အပါအဝင် နိုင်ငံတကာမှ ကမ္ဘာ့ခေါင်းဆောင်များနှင့် နိုင်ငံ့ခေါင်းဆောင်များ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ထိုသို့အပြည့်အစုံအကျယ်တဝင့် သတင်းထုတ်ပြန်ဖော်ပြလေ့မရှိပါ။ အထူးကိုယ်စားလှယ်နှင့် ယခုတွေ့ဆုံဆွေးနွေးခဲ့မှုများကိုမူ အဘယ်ကြောင့် အပြည့်အစုံ အကျယ်တဝင့် ဖော်ပြခဲ့ရပါသနည်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ယခုလ ၁၇ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံဆွေးနွေးခဲ့မှုများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘောမဆောင်သော ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂတာဝန်ရှိသူများအနေဖြင့် ၎င်းတို့မှ အများပြည်သူသို့ ထုတ်ပြန်ချက်များတွင် အစိုးရ၏ တုံ့ပြန်ပြောကြားချက်များကို မျှတစွာ ထည့်သွင်းဖော်ပြရန် ကျင့်ဝတ်အရလိုအပ်သော်လည်း အထူးကိုယ်စားလှယ်၏ ၁၇-၈-၂၀၂၂ရက်နေ့ ထုတ်ပြန်ချက်သည် ယင်းကိုလိုက်နာခြင်း မရှိကြောင်း တွေ့ရှိရသည်။ ယင်းထုတ်ပြန်ချက်ကြောင့် နိုင်ငံတကာ အသိုက်အဝန်းက အထင်အမြင်လွဲမှားနိုင်စေပြီး အများပြည်သူက နားလည်မှုလွဲမှားစေနိုင်သည် စသည်ဖြင့်ထုတ်ပြန်ချက်နိဒါန်းနှင့် နိဂုံးတွင် ဖော်ပြခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။

နှစ်ဖက်တွေ့ဆုံဆွေးနွေးခဲ့စဉ်က "အခြေအနေကောင်းများကို ကောင်းစွာထိန်းသိမ်းနိုင်ရန် နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်ယုံကြည်မှုများ လိုအပ်မည်ဖြစ်ပါသည်။ ပထမတင်ပြလိုသည့်အချက်မှာ အဆွေတော်နှင့် မိမိတို့အကြား အမြဲမပြတ်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်၍ တိုးတက်မှုများရရှိအောင်ဆောင်ရွက်သွားရန် အဆိုပြုပြောကြားလိုပါသည်"ဟူသည့် အထူးကိုယ်စားလှယ်၏အမှန်တကယ် ဆွေးနွေးခဲ့မှုများအစား များစွာကွဲလွဲစွာထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်ကြောင့် မေးခွန်းထုတ်စရာဖြစ်ရသည်။ ထို့အတူ ကမ္ဘာ့မိသားစုဝင် ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် ကုလသမဂ္ဂ၏ သမာသမတ်ကျမှုအပေါ် ထပ်ဆင့်မေးခွန်းထုတ်စရာဖြစ်ရသည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့

ကုလသမဂ္ဂအဖွဲ့ကြီးကို စစ်ပွဲများတားဆီးရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတည်တံ့စေရန် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကမ္ဘာ့နိုင်ငံပေါင်း ၅၁ နိုင်ငံ၏သဘောတူညီချက်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး လပိုင်းအတွင်း ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ယခုတိုင် ကျင့်သုံးလိုက်နာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အတိတ်က ကိုရီးယား၊ ဟန်ဂေရီ၊ အီဂျစ် စသည့်ကမ္ဘာ့အရေးအခင်းများတွင် ကျူးကျော်သူနိုင်ငံများကို ဘက်မလိုက်ဘဲ ပြစ်တင်ရှုတ်ချခဲ့ဖူးသည်။ ထို့ကြောင့်ကုလသမဂ္ဂ အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံသားများ ပါဝင်ခွင့်မရရှိစေရန် အမေရိကန်ဘက်က ကြိုးပမ်းခဲ့လေသည်။ ၁၉၅၆ ခုနှစ်က ကိုလိုနီလွတ်မြောက်ရေးဆိုင်ရာကောင်စီတွင် မြန်မာပါဝင်ခွင့်ရရှိနိုင်ရန် ထိုစဉ်က အမေရိကန်၏နောက်လိုက် လိုက်ဘေးရီးယားနိုင်ငံနှင့် အပြိုင် အကြိမ်ကြိမ်မဲခွဲခဲ့ရဖူးသည်။

သို့ရာတွင် ထိုစဉ်က ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သည့် မြန်မာ အစိုးရ၏ လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးမူဝါဒဆောင်ရွက်ချက်များနှင့် မြန်မာသံတမန်ရေးရာပုဂ္ဂိုလ်များ၏ ကျွမ်းကျင်လိမ္မာမှုကြောင့် ဖဆပလခေတ်တွင် မြန်မာနိုင်ငံသားများ ကုလသမဂ္ဂ၌ အဆင့်မြင့်ရာထူးကြီးများကို ထမ်းဆောင်ခွင့်ရရှိခဲ့ကြသည်။ ယင်းတို့အနက် မြန်မာနိုင်ငံသားဦးသန့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆယ်စုနှစ်တစ်ခုတိုင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ တာဝန်ထမ်းဆောင်စဉ်အတွင်း အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အင်အားကြီးနှစ်နိုင်ငံအကြား တတိယကမ္ဘာစစ်ကြီးဖြစ်ပွားလုမတတ် ထိပ်တိုက်ရင်ဆိုင်ခဲ့သော ကျူးဘားပဋိပက္ခ အပါအဝင် အီရီယန်အရေး၊ အယ်လ်ဂျီးရီးယားအရေးတို့ကို ပြေလည်အောင် စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။ ကုလသမဂ္ဂ၏ဂုဏ်သိက္ခာသည်လည်း ကမ္ဘာတစ်ခွင်မြင့်မားစေခဲ့သည်။

ထိုကဲ့သို့ သမိုင်းအစဉ်အလာနှင့် ရည်ရွယ်ချက်မြင့်မားခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် စစ်အေးခေတ်လွန် အာဖဂန်နစ္စတန်စစ်ပွဲ၊ အီရတ်စစ်ပွဲတို့မှအစပြု၍ အမေရိကန်အပါအဝင် နိုင်ငံကြီးများ၏လွှမ်းမိုးချုပ်ကိုင်အသုံးချမှုကြောင့် သမာသမတ်ရှိပါစဟု မေးခွန်းထုတ်စရာဖြစ်လာခဲ့ရသည်။

အမေရိကရဲ့အတွင်းရေးမှူးချုပ်ဟု သုံးနှုန်းတိုက်ခိုက်

အီရန်သမ္မတ အာမာဒီနီဂျက်က (၆၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် "အင်အားကြီးနိုင်ငံများက နိုင်ငံငယ်အချို့ကို ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့လို့ဆိုပေမယ့် အစ္စရေးကို မျက်ကွယ်ပြုထားတယ်"ဟု ဆိုခဲ့သည်။ အာရပ်နိုင်ငံများကမူ ကိုဖီအာနန်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟုမခေါ်ဘဲ အမေရိကရဲ့ အတွင်းရေးမှူးချုပ်ဟု သုံးနှုန်းတိုက်ခိုက်ခဲ့ပြီး ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနေရာအနှံ့အပြားတွင် ကိုဖီအာနန်၏ မျက်စိတစ်ဖက်တွင် အမေရိကန်အလံနှင့် ကျွန်တစ်ဖက်တွင် အစ္စရေးအလံကို အစားထိုးပုံဖော်ထားသည့် ပိုစတာများ ကပ်ခဲ့ကြသည်။

အီရတ်စစ်ပွဲကာလတွင်မူ ဗြိတိန်ချမ်းရေးကိုလိုလားသော ကမ္ဘာ့နိုင်ငံများသာမက အမေရိကန်၏ မဟာမိတ်အင်အားကြီးနိုင်ငံများကပါ ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်ရှိအခန်းကဏ္ဍနှင့် ရပ်တည်မှုအပေါ် အပြင်းအထန် ဝေဖန်မေးခွန်းထုတ်လာခဲ့ကြသည်။

နယူးစ်ဝီခ်မဂ္ဂဇင်းက "ကုလသမဂ္ဂကြီးဟာ ဖောင်းပွပြီး ဘာမှ အလုပ်ဖြစ်အောင် မလုပ်နိုင်ဘူး"ဟု ဝေဖန်ရေးသားသည်။ လန်ဒန်

> **"မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ အပေါ်ချမှတ်ထားသည့် ပဋိညာဉ်နှင့်အညီ ထိတွေ့ဆက်ဆံဆောင်ရွက်မှုကို မျှော်လင့်ပါသည်။ ထို့အတူ မြန်မာနိုင်ငံသားဦးသန့်နည်းတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကမ္ဘာ့နိုင်ငံများ၏ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပုဂ္ဂိုလ်မျိုးဖြစ်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မျက်မှောက်ကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ အပါအဝင် ကမ္ဘာ့မိသားစုဝင်နိုင်ငံအများစု၏ ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစဟူသည့် မေးခွန်းအစား ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစေဟူ၍သာ . . .**

ထုတ် ဂါဒီးယန်းသတင်းစာကြီးက အီရတ်ကိစ္စတွင် အမေရိကန်က လုပ်ချင်ရာလုပ်ပြီး ဘေးကျပ်နံကျပ်၊ ထိန်းမနိုင်သိမ်းမရဖြစ်လာသည့် အခါမှ ကုလသမဂ္ဂက တာဝန်ယူရန် လူရာသွင်းလာခဲ့မှုအပေါ် "ကုလသမဂ္ဂဟာ မအောင်မြင်တဲ့ အမေရိကန်စွန့်စားခန်းတွေအတွက် အမှိုက်ပုံကြီးတစ်ခုအဖြစ် အသုံးချတာမခံသင့်ဘူး"ဟု ပြင်းပြင်းထန်ထန် ဝေဖန်ရေးသားခဲ့သည်။

အမှန်တကယ်အားဖြင့်လည်း အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သဘောတူအတည်ပြုချက်မရဘဲ အီရတ်ကို ဝင်တိုက်ခဲ့ကြသည်။ စစ်ပြီးခေတ် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ရန်အတွက်လည်း ကုလသမဂ္ဂက ဦးစီးဦးဆောင်လုပ်စရာမလိုဘူးဟူ၍ ဘေးဖယ်ထားပြီး လူလူချင်းစာနာထောက်ထားရေး အကူအညီကိစ္စတွေမှာသာ ကုလသမဂ္ဂအခန်းကဏ္ဍကို သုံးမည်ဟုဆိုကြသည်။ ထို့အပြင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်အဖြစ် ရွေးချယ်စေလွှတ်ရာတွင်လည်း ကုလသမဂ္ဂသည် အမေရိကန်၏တောင်းဆိုချက်အရ ရွေးချယ်စေလွှတ်ပေးခဲ့ရသည်။

ထို့ကြောင့် (၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် အီရတ်ပြဿနာနှင့်ပတ်သက်၍ ပွက်လောရိုက်ခဲ့လေသည်။ ကမ္ဘာ့နိုင်ငံအများစုက ကမ္ဘာ့အဖွဲ့အစည်းကြီးပျက်စီးမသွားစေရေးနှင့်ပတ်သက်၍ "ကုလသမဂ္ဂကြီး အားကောင်းဖို့နှင့် ကုလသမဂ္ဂကို ဘေးချိတ်ပြီး လုပ်ချင်ရာမလုပ်ကြဖို့"၊ "ကုလသမဂ္ဂကြီးဟာ အင်အားနည်းတဲ့နိုင်ငံတွေရဲ့ရှေ့က မားမားမတ်မတ်ရပ်ပေးတဲ့ လူရိုသေရှင်ရိုသေ အဖွဲ့ကြီးဖြစ်ဖို့"၊ "ပြုပြင်ပြောင်းလဲရေးတွေကို ထိထိရောက်ရောက် လုပ်ပြီး ခိုင်မာတောင့်တင်းတဲ့အဖွဲ့အစည်းကြီးဖြစ်အောင်လုပ်ကြဖို့" စသည်ဖြင့် စေတနာရှေ့ထားဆွေးနွေးခဲ့ကြသည်။

ပြင်သစ်သမ္မတ ဂျက်ရီရက်က ကုလသမဂ္ဂအခန်းကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတိုးချဲ့ရန် အကြံပြုခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်က "ကုလသမဂ္ဂရဲ့အခွင့်အာဏာမပါရှိဘဲ တစ်ဖက်သတ် လက်ဦးမှုရယူပြီး စစ်တိုက်တာဟာ ကမ္ဘာကြီးကို ကြီးနိုင်ငယ်ညှဉ်းတောတွင်းဥပဒေသဆီသို့ ပြန်လည်ပို့ဆောင်ရာရောက်ကြောင်း" အမေရိကန်၏လုပ်ရပ်အပေါ် ထူးထူးခြားခြား ဝေဖန်ပြောကြားခဲ့လေသည်။

ကုလသမဂ္ဂပဋ္ဌာဉ်တွင် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်ခွင့်နှင့် တန်းတူညီမျှဆက်ဆံရေးတို့နှင့်ပတ်သက်၍ တိကျစွာ ပြဋ္ဌာန်းထားသော်လည်း လက်ရှိမြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ကြီး၏ သဘောထားနှင့်ရပ်တည်ချက်သည် ဘက်လိုက်မှုကင်းကင်းနှင့် သမာသမတ်ရှိပါလေစဟုဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် ကောင်းမွန်သောသမိုင်းကြောင်းရေစက်ရှိခဲ့ရုံမက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အားလျော်စွာ လက်ရှိအချိန်အထိ ကုလသမဂ္ဂပဋ္ဌာဉ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမရှိခဲ့ပါ။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂ၏အရိပ်အာဝါသကြောင့် အေးမြသည့်အရသာကို လိုလားတောင့်တသောနိုင်ငံများ ဖြစ်ပါသည်။

အတိတ်ကလည်း နိုင်ငံကြီးအချို့၏ အလိုကျကြိုးဆွဲရာကခဲ့

သို့ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် အတိတ်ကလည်း မြန်မာနိုင်ငံသို့ ကူမင်တန် တရုတ်ဖြူတပ်များကျူးကျော်မှုအရေးကိစ္စတွင် နိုင်ငံကြီးအချို့၏အလိုကျကြိုးဆွဲရာ ကခဲ့ပါသည်။ တရုတ်ဖြူတပ်များဆုတ်ခွာပေးရေးအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အရေးဆိုမှုတွင် ကျူးကျော်သူ ကူမင်တန်တပ်များဟူသည့် စကားရပ်အစား ကူမင်တန်အစိုးရကိုထောက်ခံသူ အမေရိကန်အလိုကျ ပြည်ပတပ်ဟုသာ ပြောင်းလဲ အဆိုတင်သွင်းခဲ့ရပါသည်။

လက်ရှိကာလတွင်လည်း မြန်မာ့နိုင်ငံရေးအပြောင်းအလဲနှင့် ပတ်သက်၍ ကုလသမဂ္ဂသည် နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့၏ အလိုကျ မြန်မာနိုင်ငံအပေါ်တစ်ဖက်သတ် ခွဲခြားဆက်ဆံခဲ့ပါသည်။ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခက်အခဲများစွာဖြစ်ပေါ်ခဲ့ရာ အခြားနိုင်ငံများနည်းတူ ကုလသမဂ္ဂ စသည့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မျှော်လင့်ခဲ့ပါသော်လည်း "ကျန်ရစ်သူမရှိစေရ (Leave No One Behind)" ဟူသည့် ကုလသမဂ္ဂ၏မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ပင်လျှင် လွန်စွာဝမ်းနည်းစရာ ကောင်းလောက်အောင် မြန်မာနိုင်ငံကို မည်သည့်အကူအညီမျှပေးအပ်ခဲ့ခြင်းမရှိခဲ့ချေ။

ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ခရီးစဉ်အတွင်း နှစ်ဖက်ဆွေးနွေးခဲ့စဉ်က "မြန်မာနိုင်ငံဘက်က အမြဲတမ်းထုတ်ဖော်ပြောကြားလေ့ရှိသည့်အချုပ်အခြာအာဏာပိုင်ဆိုင်မှုဟူသော အချက်နှင့်ပတ်သက်၍လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အမြဲတမ်းအသိအမှတ်ပြုလေးစားလျက်ရှိပါသည်"ဟူသည့် ပြောကြားချက်အစား သတင်းထုတ်ပြန်ချက်တွင် "ကုလသမဂ္ဂရဲ့ ထိတွေ့ဆက်ဆံမှုက မည်သည့်နည်းနှင့်မျှတရားဝင်မှုကို ပေးဆောင်ခြင်းမဟုတ်ပါ" ဟူသည့် ကွဲလွဲစွာဖော်ပြချက်များသည် ကုလသမဂ္ဂ၏ဂုဏ်သိက္ခာယုံကြည်မှုအပေါ် ထိခိုက်စရာဖြစ်ရသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ်ချမှတ်ထားသည့် ပဋိညာဉ်နှင့်အညီ ထိတွေ့ဆက်ဆံဆောင်ရွက်မှုကို မျှော်လင့်ပါသည်။ ထို့အတူ မြန်မာနိုင်ငံသား ဦးသန့်နည်းတူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် ကမ္ဘာ့နိုင်ငံများ၏ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပုဂ္ဂိုလ်မျိုးဖြစ်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မျက်မှောက်ကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ကမ္ဘာ့မိသားစုဝင်နိုင်ငံအများစု၏ ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစဟူသည့် မေးခွန်းအစား ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစေဟူ၍သာ မေတ္တာရပ်ခံ တောင်းဆိုချင်ပါသည်။ ။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ် ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍
ဆောင်ရွက်မည့် အစီအစဉ်

ရက်စွဲ- ၂၀၂၂ ခုနှစ်၊ သြဂုတ်လ (၂၆) ရက်

၁။ တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ဖြေဆိုခြင်းမရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် စနစ်ဟောင်း၊ သင်ရိုးဟောင်း တက္ကသိုလ်ဝင်စာမေးပွဲကို နောက်ဆုံးအကြိမ်အဖြစ် ၂၀၂၃ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း လျှောက်ထားရမည်ဖြစ်ပြီး တစ်ဦးလျှင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်း (၇၀၀/-)နှင့် လျှောက်လွှာတစ်စောင် (၂၀၀/-) စုစုပေါင်း (၉၀၀/-) ကျသင့်ပါမည်။

၃။ စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် (၂)၊(၃)၊(၄) များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး (၇၀၀/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး (၇၀၀/-) ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် သတ်မှတ်ရက်များအတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ စာဖြေသူ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာပုံစံတွင် မိဘအမည်၊ မွေးသက္ကရာဇ်များကို ကျောင်းဝင်(ခ)စာရင်းအတိုင်း မှန်ကန်စွာ ဖြည့်စွက်ရေးသွင်းရန် လိုအပ်ပါမည်။

၇။ စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာစစ်ဆေးပြီး သတ်မှတ်ရက်များအတွင်း အချိန်မီပေးပို့ရန် ဖြစ်ပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ်(၅၂)၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

တောင်ကြီးမြို့ ရေပေးဝေရေးလုပ်ငန်းအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နိုင်ရေး EOI စိစစ်ရွေးချယ်

တောင်ကြီး သြဂုတ် ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၏ ရေပေးဝေရေးလုပ်ငန်းအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နိုင်ရေး ဦးစွာ စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI) စိစစ်ရွေးချယ်ခြင်းအခမ်းအနားကို ယနေ့တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တောင်ကြီးမြို့အား Safety ၊ Smart ၊ Green City ဖြစ်ပေါ်လာစေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တောင်ကြီးမြို့၌ နေထိုင်ကြသော ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး အတွက် ခေတ်မီစနစ်ကျသော ရေပေးဝေရေးစနစ်အား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နိုင်ရေး ဦးစွာစိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းသည့် Great Hai Par Co.,Ltd. နှင့် ၎င်း၏ မိတ်ဖက်ကုမ္ပဏီ Eco Care Co.,Ltd. တို့မှ ရှင်းလင်းတင်ပြချက်များနှင့် အဆိုပြုလွှာများအား ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင် ဦးစီးသည့် EOI စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက စိစစ်ရွေးချယ်ကြသည်။

တောင်ကြီးမြို့ ရေပေးဝေရေးလုပ်ငန်းကို ပုဂ္ဂလိကရေပေးဝေရေးလုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက တောင်ကြီးမြို့နေ ပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေကို သင့်တင့်မျှတသော ရေခွန်ရေခဖြင့် ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တပ်မတော်တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် သြဂုတ် ၂၆

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူ တကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူ တကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၉၀) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် သြဂုတ် ၂၆

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၉၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကာ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းသင်တန်းကို Hybrid Learning System ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အွန်လိုင်းမှ ၂၀၂၂ ခုနှစ် မေ ၂ ရက်မှ ဇူလိုင် ၂၂ ရက်အထိ ရက်သတ္တ ၁၂ ပတ်၊ In-house ဖြင့် ၂၀၂၂ ခုနှစ် သြဂုတ် ၁ ရက်မှ ၂၆ ရက်အထိ ရက်သတ္တလေးပတ် စုစုပေါင်း ရက်သတ္တ ၁၆ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများ၊ အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၉၀)မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနား ကျင်းပရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း သုံးစွဲမည်

တိုကျို သြဂုတ် ၂၆

ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားကျင်းပရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းနီးပါး သုံးစွဲရန် ဂျပန်အစိုးရအဖွဲ့က ခွင့်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားကို တိုကျို မြို့နီပွန်ဘုဒိုကန်မိုးလုံလေလုံခန်းမ၌ စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ဈာပနအခမ်းအနားသို့ ဧည့်သည်တော် ၆၀၀၀ ခန့် တက်ရောက်မည်ဖြစ်သည်။

ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ၏ စစ်ပြီးကာလတွင် နိုင်ငံတော်အဆင့် ဈာပနအခမ်းအနားကျင်းပရသည့် ဒုတိယမြောက် ဝန်ကြီးချုပ်ဟောင်းဖြစ်လာမည်ဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် ဝန်ကြီးချုပ် ရှိဂီရယိုရှီဒါ၏ဈာပနအခမ်းအနားကို နိုင်ငံတော်အဆင့်ဖြင့် ကျင်းပခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းနှင့်ပတ်သက်ပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံများကပါ ဝမ်းနည်းကြေကွဲခဲ့ရကြောင်းနှင့် နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ အာဘေး၏ဈာပနအခမ်းအနားကို ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး မတ်ဆူနိုဟီရိုကာဇူက ပြောကြားသည်။

အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်သည် အဆိုပါဈာပနအခမ်းအနားသို့ တက်ရောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် အမေရိကန်သမ္မတဟောင်း ဘာရက်အိုဘားမားနှင့် ဂျာမနီဝန်ကြီးချုပ်ဟောင်း အိန်ဂျလာ မာကယ်လ်တို့လည်း တက်ရောက်သွားဖွယ်ရှိကြောင်း သိရသည်။

ကိုးကား - အင်နန်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အမေရိကန်နိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်မှု မြင့်တက်နေဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

ဂျီနီဗာ သြဂုတ် ၂၆

အမေရိကန်နိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်များအတွင်း မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုများပြားလာပြီး အမေရိကန်နိုင်ငံတွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးရှိ မျောက်ကျောက်ရောဂါဖြစ်ပွားမှုများ၏ သုံးပုံနှစ်ပုံခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

မျောက်ကျောက်ရောဂါကူးစက်မှု အများဆုံးနိုင်ငံများ

ကမ္ဘာပေါ်တွင် မျောက်ကျောက်ရောဂါစတင်ဖြစ်ပွားချိန်က ဥရောပဒေသတွင် ရောဂါကူးစက်မှုအများဆုံးတွေ့ရှိရသော်လည်း ပြီးခဲ့သည့် တစ်လခန့်မှစတင်၍ အမေရိကန်တွင် မျောက်ကျောက်ရောဂါကူးစက်မှုအသစ် ၆၀ ဒသမ ၃ ရာခိုင်နှုန်း တွေ့ရှိရပြီး ဥရောပဒေသတွင် မျောက်ကျောက်ရောဂါကူးစက်မှုအသစ် ၃၈ ဒသမ ၇ ရာခိုင်နှုန်း တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဂါဘရီယီဆက်က ပြောကြားသည်။ ကမ္ဘာပေါ်တွင် ယခုအချိန်၌ မျောက်ကျောက်ရောဂါကူးစက်မှု အများဆုံးနိုင်ငံများမှာ အမေရိကန်၊ စပိန်၊ ဘရာဇီး၊ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ၊ နယ်သာလန်၊ ပီရူးနှင့် ပေါ်တူဂီနိုင်ငံတို့ဖြစ်ပြီး ယင်းနိုင်ငံများရှိ မျောက်ကျောက်ရောဂါကူးစက်မှုရာခိုင်နှုန်းသည် တစ်ကမ္ဘာလုံးရှိ မျောက်ကျောက်ရောဂါ ကူးစက်မှု၏ ၈၈ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယခုလက်ရှိအချိန်တွင် ဥရောပဒေသ၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေသဖြင့် မျောက်ကျောက် ရောဂါကူးစက်မှုများကျဆင်းနေကြောင်း သိရသည်။

သို့ရာတွင် လက်တင်အမေရိကနိုင်ငံများ၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်မှု နည်းပါးခြင်းနှင့် ဆေးဝါးမလုံလောက်ခြင်းတို့ကြောင့် မျောက်ကျောက်ရောဂါကူးစက်မှုမြင့်တက်နေကြောင်း သိရသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများအား မျောက်ကျောက်ရောဂါကာကွယ်ဆေးများ ထုတ်လုပ်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

တရုတ်စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေး တိုးမြှင့်ဆောင်ရွက်မည်

ပေကျင်း သြဂုတ် ၂၆

အမေရိကန်နိုင်ငံက တရုတ်ကုမ္ပဏီများကို ပို့ကုန်တင်ပို့မှုကန့်သတ်သည့် စာရင်းသွင်းခဲ့သဖြင့် တရုတ်နိုင်ငံကလည်း တရုတ်စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများအား ယခုကဲ့သို့ကန့်သတ်ဖိနှိပ်နေခြင်းကို ကန့်ကွက်ကြောင်း တရုတ်နိုင်ငံက ပြောကြားလိုက်ပြီး အမေရိကန်၏ ၎င်းမှားယွင်းသည့်ဆောင်ရွက်ချက်များကို ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှူကျင်တမ်းက ပြောကြားသည်။

အမေရိကန်သည် ၎င်း၏ ပို့ကုန်ထိန်းချုပ်ရေးစည်းမျဉ်းများကို အသုံးပြုပြီး အခြားနိုင်ငံများမှ လုပ်ငန်းများအား ဖိနှိပ်ကန့်သတ်နေကြောင်း ၎င်းကပြောကြားသည်။

အမေရိကန်၏ တရုတ်နိုင်ငံမှလုပ်ငန်းများကို ကန့်သတ်ရေးဆောင်ရွက်ချက်သည် တရုတ်-အမေရိကန်စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေပြီး အခြားနိုင်ငံများအတွက်လည်း အကျိုးမရှိကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၁၁၄၀ ထပ်မံတွေ့ရှိ

ဆိုးလ် သြဂုတ် ၂၆

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၁၁၄၀ ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၈၀၂၉၈၅ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

လျော့နည်း

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ရောဂါကူးစက်ခံရသူ ၁၃၈၇၈၃ ဦးထက် လျော့နည်းကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ၁၁၄၇၆၅ ဦးရှိသည်။

နိုင်ငံအတွင်း ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၅၆၈၇၂ ဦးတွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆၄၁၃ ဦးရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၂၅၆ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ သြဂုတ် ၂၆

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၂၅၆ ဦး စစ်ဆေးတွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၄၃၈၁၇၆ ဦးရှိပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ အရေအတွက်သည် သြဂုတ် ၂၄ ရက်တွင် တွေ့ရှိသည့် နေ့စဉ်ကူးစက်မှုအရေအတွက် ၁၀၇၂၅ဦးထက်အနည်းငယ်ပိုမိုလျော့ကျလာကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၉၀၇၀၇ ဦးရှိကြောင်း သိရသည်။ ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၆၈ ဦး သေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၇၅၅ ဦးအထိရှိလာပြီဖြစ်သည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၂ ဒသမ ၄၃ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်း ကူးစက်မှုနှုန်းမှာ ၃ ဒသမ ၀၂ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနကဆိုသည်။ သို့သော် ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၃၇၇၀၉၁၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့်သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများ တွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ထားဝယ်မြို့၌ ကွန်ပျူတာကျွမ်းကျင်မှုမွမ်းမံသင်တန်းဖွင့်

ထားဝယ် သြဂုတ် ၂၆

တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ကြီးကြပ်၍ ကွန်ပျူတာကျွမ်းကျင်မှု မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ထားဝယ်ခရိုင်အတွင်းရှိ သမဝါယမဝန်ထမ်းသင်တန်းသား သင်တန်းသူ ၁၂ ဦးအား ရက်သတ္တနှစ်ပတ်ကြာ လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် သြဂုတ် ၂၆

သိမ်းဆည်းရမိသည့် ကားတာယာများနှင့် သယ်ဆောင်လာသည့်ယာဉ် မှတ်တမ်းဓာတ်ပုံ။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် သုံးစီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသည့် ကားတာယာ ၇၁ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၅၀၀၀)၊ ထိုင်းနိုင်ငံထုတ် စက္ကူလိပ် ကီလိုဂရမ် ၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)နှင့် နောက်တွဲယာဉ်(Semi Trailer)ပါ Mitsubishi Fuso အမျိုးအစား ၁၈ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆောက်လုပ်ရေးသုံး ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ် (Semi Trailer)ပါ Volvo FH အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ဖဒ၂၅၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိ

အလားတူ သြဂုတ် ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ ကုန်တင်ကုန်ချကားကြီးကွင်းအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ၇၅ ပုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၅၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၇၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင်လမ်း မိုင်တိုင်အမှတ်(၂၃/၄) အနီး၌ ကုန်တင်ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ကား၊ ကွန်ပျူတာနှင့် ဖုန်းဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်နောက်တွဲယာဉ်ပါ Scania Tractor အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၀၀၀၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ၫင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်၌ Canda 125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည် ထက် ပိုမိုတင်ဆောင်လာသော ဆိုင်ကယ် တာယာဆိုဒ်စုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၈၅၅၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ဖဒ၃၈၅၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်လျက်ရှိ

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မိုးကောင်း-ဖားကန့်သွား ကားလမ်းမပေါ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့မှ ဖားကန့်မြို့ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားမဝင် စက်သုံးဆီ ဂါလန် ၆၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၅၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Hino အမျိုးအစား ၁၂ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် Nissan အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် သြဂုတ် ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဌာနမှူးဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ခရီးသည်တင် မှန်လုံယာဉ်သုံးစီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅ဖဒ၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ခရီးသည်တင် မှန်လုံယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဒိုက်ဦး-မြို့နယ် ဒိုက်ဦး-ညောင်ခါးရှည် လမ်း၌ Toyota Hilux အမျိုးအစား လိုင်စင်မဲ့ ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် ရန်ကုန်-မော်လမြိုင်ကားလမ်း (မုပွလင်) မိုင်တိုင်အမှတ်(၂/၀)နှင့် (၂/၁)အကြား၌ Toyota Probox အမျိုးအစား လိုင်စင်မဲ့ ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေ အရလည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပဲခူးမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၁၂ ဒသမ ၇၄၉ဖ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၈ဖ၅၇ဖ) ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀ဖ၃ဖ၅၇ဖ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ သြဂုတ် ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်၊ ၂၇ ရက်နှင့် ၂ဖ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၄ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅ဂ၃ဒ၇၂ဖ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

*** CDM မှ**

ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့်၊ ပိုမိုလက်ခံ ဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့်၊ ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUGနှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အလယ်ကျွန်းနယ်မြေနေ ရန်ပိုင်ဦး၊ ဘုရားကိုင်ရပ်ကွက်နေ နိုင်ရဲလင်း(ခ)နိုင်ငံ၊ ကလွင်ကျေးရွာနေ ကျော်ဝေဦး(ခ)သားကြီး၊ မြို့မ(၁)ရပ်ကွက်နေ အောင်ချမ်းသာ၊ ဘုရားကိုင်ရပ်ကွက်နေ သူရိန်လင်း(ခ)သားကြီးပုတ်၊ မြိတ်မ(၁)ရပ်ကွက်နေ ဝေယံဦး(ခ)အော်ငယ်တို့သည် ၎င်းတို့အသုံးပြု သည့် “Yan Paing Oo” Facebook အကောင့်၊ “Naing Ye Linn” Facebook အကောင့်၊ “Kyaw Wai Oo” Facebook အကောင့်၊ “Aung Chang Thar” Facebook အကောင့်၊ “Thu Rain Linn” Facebook အကောင့်၊ “Wai Yan Oo” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက်နေ မေဝတီအောင်သည် ၎င်းအသုံးပြုသည့် “May Watti Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး(က+ဂ)ရပ်ကွက်နေ ဟိန်းထက်နိုင်(ခ)တိုက်ဂါး (ခ)ဝသုန်၊ ကျော်ဝင်းထွန်း၊ ကောင်းထက်စံ၊ ညီညီမောင်တို့သည် ၎င်းတို့အသုံးပြုသည့် “Hein Htet Naing” Facebook အကောင့်၊ “Kyaw Win Htun” Facebook အကောင့်၊ “Kaung Htet Sann” Facebook အကောင့်၊ “Nyi Nyi Maung” Facebook အကောင့်၊ ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ယွန်းအိမ်ချမ်းမြေ(ခ)Marry သည် ၎င်းအသုံးပြုသည့် “Marry” Facebook အကောင့်၊ စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက်နေ ဟိန်းဇော်အောင်(ခ)ဟိန်းဇော်၊ လင်းသန့်၊ ဗိုလ်ဗိုလ်ကျော်(ခ)ဘော်ဘီတို့သည် ၎င်းတို့အသုံးပြုသည့် “Hein Zaw” Facebook အကောင့်၊ “Linn Thant” Facebook အကောင့်၊ “Bobby” Facebook အကောင့်၊ ခရမ်းမြို့နယ် အမှတ်(၁၁) ရပ်ကွက်နေ ဝေဖြိုးကျော်၊ မောင်မောင်သန့်ဇင်မိုး(ခ)မောင်တီး၊ ထွန်းထွန်းဝင်း၊ သက်ထွန်းဦး၊ မောင်မောင်သန်း၊ ကောင်းမြတ်တင်စိုးတို့သည် ၎င်းတို့အသုံးပြုသည့် “Wai Phyo Kyaw” Facebook အကောင့်၊ “Mg Tee” Facebook အကောင့်၊ “Htun Htun Win” Facebook အကောင့်၊ “Thet Tun Oo” Facebook အကောင့်၊ “Mg Mg Than” Facebook အကောင့်၊ “Kaung Myat Tin Soe” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရေပြာကျေးရွာနေ မေသူဇော်သည် ၎င်းအသုံးပြုသည့် “May Thu Zaw” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၆) ရပ်ကွက်နေ မိုးကျော်ထွန်းသည် ၎င်းအသုံးပြုသည့် “Moe Kyaw Htun” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်နေ ဝါဝါစိုး(ခ)လင်းခေတ်သည် ၎င်းအသုံးပြုသည့် “Lynn Khit” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက်တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ယူရိုပါလိဂ်နှင့် ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်များ မဲခွဲဆုံးဖြတ်

ယူရိုပါလိဂ်အုပ်စုအဆင့်ပွဲစဉ်တွေကို သြဂုတ် ၂၆ ရက်က မဲခွဲဆုံးဖြတ်ခဲ့ရာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ အုပ်စု(E)မှာ စပိန်လာလီဂါကလပ် ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး အာဆင်နယ်အသင်းကတော့ အုပ်စု(A)မှာ ပီအက်စ်ဗွီအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပါတယ်။

ယူရိုပါလိဂ်အုပ်စုအဆင့် မဲခွဲမှုရလဒ်များအရ အုပ်စု(A)တွင် အာဆင်နယ်၊ ပီအက်စ်ဗွီ၊ ဘိုဒို/ဂလင့်၊ ဇူးရစ်ချ်၊ အုပ်စု(B)တွင် ဒိုင်နမိုကိဗ်၊ ရင်းနက်စ်၊ ဖီနာဘာချီ၊ လာနာကာ၊ အုပ်စု(C)တွင် ရိုးမား၊ လူဒိုဂိုးရက်စ်၊ ရီးယဲလ်ဘတ်တစ်၊ ဟယ်စင်ကီး၊ အုပ်စု(D)တွင် ဘရာဂါ၊ မယ်လ်မို၊ ယူနီယံဘာလင်၊ ယူနီယံစိန့်ဂီလ်လွိုက်စ်၊ အုပ်စု(E)တွင် မန်ယူ၊ ရီးယဲလ်ဆိုစီဒက်၊ ရှာရစ်၊ နီကိုရှား၊ အုပ်စု(F)တွင် လာဇီယို၊ ဖီယင်နု၊ မစ်ဂျီလန်း၊ စတမ်းဂရက်ဇ်၊ အုပ်စု(G)တွင် အိုလံပီယာကိုစ်၊ ကာရာဘတ်၊ ဖရိုင်းဘတ်၊ နန့်တက်စ်၊ အုပ်စု(H)တွင် ဘဲဂရိတ်၊ မိုနာကို၊ ဖရန်ဗာရို့စ်၊ ထရာဇွန်စပေါ စသဖြင့် အသီးသီး တွေ့ဆုံနေတာ ဖြစ်ပါတယ်။

သြဂုတ် ၂၅ ရက်မှာ မဲခွဲဆုံးဖြတ်ခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာတော့ လက်ရှိ ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းဟာ စကော့တလန်ချန်ပီယံ ဆဲလ်တစ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး ချယ်လ်ဆီးအသင်းက အေစီမီလန်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာ ဖြစ်ပါတယ်။

တစ်အုပ်စုတည်းကျရောက်

ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းကတော့ ဒေါ့မွန်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံလျက်ရှိကာ ဘိုင်ယန်မြူးနစ်အသင်း၊ ဘာစီလိုနာအသင်းနဲ့ အင်တာမီလန်အသင်း တို့ကလည်း တစ်အုပ်စုတည်း ကျရောက်နေတာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းက ဟိုလန်ကလပ်ဖြစ်တဲ့ အေဂျက်၊ လီဗာပူး၊ နာပိုလီ၊ ရိန်းဂျား၊ အုပ်စု(B)တွင် ပေါ်တို၊ အက်သလက်တီကို မက်ဒရစ်၊ လေဗာကူဆင်၊ ကလပ်ဘရူဂ်၊ အုပ်စု(C)တွင် ဘိုင်ယန်၊ ဘာစီလိုနာ၊ အင်တာမီလန်၊ ပယ်ဇန်၊ အုပ်စု(D)တွင် ဖရန့်ဖက်၊ စပါး၊ စပို့တင်းလစ္စဘွန်း၊ မာဆေးလ်၊ အုပ်စု(E)တွင် အေစီမီလန်၊ ချယ်လ်ဆီး၊ ဆဲလ်ဘတ်၊ ဒိုနမိုဇာဂရက်၊ အုပ်စု(F)တွင် ရီးယဲလ်မက်ဒရစ်၊ လိုက်ပ်ဇစ်၊ ရှက်တာဒိုးနက်၊ ဆဲလ်တစ်၊ အုပ်စု(G)တွင် မန်စီးတီး၊ ဆီဗီလာ၊ ဒေါ့မွန်၊ ကိုပင်ဟေဂင်၊ အုပ်စု(H)တွင် ပီအက်စ်ဗျို၊ ဂျူဗင်တပ်၊ ဘင်ဖီကာ၊ မက်ကာဘီဟိုင်ဖာ၊ စသဖြင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုအဆင့်ပွဲစဉ်တွေကို စက်တင်ကာ ၆ ရက်မှ နိုဝင်ဘာ ၂ ရက်အတွင်း ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။

ငွေကြေယ်

ဓာတ်ခွဲနမူနာစုစုပေါင်း ၇၂၆၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၂၆၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုညဒသမ ၆၁ ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦးအနက် ကိုးဦး ၂၀ ဒသမ ၄၅ ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး၃၅ ဦး ၇၉ ဒသမ ၅၅ ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈၇၀၆၅၈၂ ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၆၁၄၈၈၈ ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၂၄ ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း ၅၉၃၃၈၉ ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၇ ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမိခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု	လူနာသစ် (ဦးရေ)	ရာခိုင်နှုန်း
ပြည်ပမှဝင်ရောက်လာသူများ	(၉) ဦး	(၂၀.၄၅) %
ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ	(၃၅) ဦး	(၇၉.၅၅) %
စုစုပေါင်း	**(၄၄) ဦး**	**(၁၀၀) %**

ကမ္ဘာနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၉၅၈၄၄၆၇	၉၁၂၉၀၉၃၈	၁၀၆၈၁၁၁
၂။	အိန္ဒိယ	၄၄၃၈၉၁၇၆	၄၃၇၇၀၉၁၃	၅၂၇၅၅၆
၃။	ပြင်သစ်	၃၄၄၂၈၇၃၈	၃၃၈၇၀၇၁၆	၁၅၃၈၀၆
၄။	ဘရာဇီး	၃၄၃၅၀၆၃၉	၃၃၃၄၈၀၅၂	၆၈၃၃၂၈
၅။	ဂျာမနီ	၃၂၀၀၈၁၂	၃၁၀၂၈၈၀၀	၁၄၇၀၀၃
၆။	ဗြိတိန်	၂၃၄၂၈၇၅	၂၃၁၅၅၅၀၈	၁၈၇၇၆၁
၇။	တောင်ကိုရီးယား	၂၂၈၀၂၉၈၅	၂၀၅၁၈၀၈၈	၂၆၄၁၃
၈။	အီတလီ	၂၁၇၄၅၀၆၅	၂၀၈၅၈၆၂၆	၁၇၅၁၂၇
၉။	ရုရှား	၁၉၃၁၁၉၇၃	၁၈၄၃၅၀၉၆	၃၈၃၉၁၀
၁၀။	ဂျပန်	၁၇၉၈၃၇၉၇	၁၅၈၆၁၉၀၆	၃၈၁၉၇

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁၁၃၉၉၄၀၀	၁၀၁၂၆၂၆၅	၄၃၁၁၀
၂။	အင်ဒိုနီးရှား	၆၃၃၈၉၀၆	၆၁၃၄၈၈၀	၁၅၇၄၇၈
၃။	မလေးရှား	၄၇၆၈၃၉၄	၄၆၉၆၂၂၁	၃၆၁၈၅
၄။	ထိုင်း	၄၆၄၃၀၁	၄၅၉၂၆၆၄	၃၂၁၆၉
၅။	ဖိလစ်ပိုင်	၃၈၆၉၉၇၆	၃၇၇၆၈၀၂	၆၁၅၅၉
၆။	စင်ကာပူ	၁၈၂၇၂၂၉	၁၇၄၆၄၉၂	၁၅၈၇
၇။	မြန်မာ	၆၁၄၈၈၈	၅၉၃၃၈၉	၁၉၄၃၇
၈။	ဘရူနိုင်း	၂၂၀၂၄၅	၂၁၄၆၃၉	၂၂၅
၉။	လာအို	၂၁၃၆၉၁	၂၀၈၃၄၄	၇၅၇
၁၀။	ကမ္ဘောဒီးယား	၁၃၇၄၉၇	၁၃၄၂၇၇	၃၀၅၆

တောင်ငူခရိုင် မြို့နယ် ငါးခုဌ် ကျေးလက်လမ်းတံတား၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

တောင်ငူ သြဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ဖြူး၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ကျေးလက် ကုန်ထုတ်လမ်းတံတားများ၊ သန့်ရှင်းသော သောက်သုံးရေများ ရရှိနိုင်မည့် လုပ်ငန်းများကို သတ်မှတ်ကာလ အတွင်းပြီးစီးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ရန်ပုံငွေကျပ် ၈၁၀ ဒသမ ၄၈၄ သန်းဖြင့် မြေနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ရှစ်ခု၊ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း သုံးခု စုစုပေါင်း ၁၁ ခု၊ အရှည် ၁၃ / ၆ ဒသမ ၃၄ မိုင်၊ တံတားနှင့် ရေပြွန်ပေါင်း ၁၇ ခု၊ ရန်ပုံငွေကျပ် ၆၁၁ ဒသမ ၉၁၇၅ သန်းဖြင့် ကျေးလက်ရေ ရရှိရေးလုပ်ငန်းများတွင် ဆိုလာစနစ်သုံး အချင်းလေးလက်မခွဲ စက်ရေတွင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်လုပ်ငန်း ၂၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ယခုလက်ရှိ ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ပြောသည်။

ကုန်ထုတ် လမ်းတံတားများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာပေါင်း ၁၁ ရွာရှိ ဒေသခံများ၏ စိုက်ပျိုးမြေဧက ၅၃၇၀၊ သန့်ရှင်းသော သောက်သုံးရေများ ရရှိနိုင်သည့်လုပ်ငန်းများ ပြီးစီးပါက ကျေးရွာပေါင်း ၂၄ ရွာ၊ ဒေသခံပြည်သူ ၁၆၀၀၀ ကျော်တို့ အနေဖြင့် အဆင်ပြေစွာသုံးစွဲနိုင်ကြမည်ဖြစ်သည်။ **ကိုလွင်(ဆွာ)**

လက်ပံတန်းမြို့၌ ငါးမျိုးစိုက်ထည့်

လက်ပံတန်း သြဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် သဘာဝရေပြင်မြစ်ချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မိုးအိုင်အုပ်စု တာဆိပ်ကျေးရွာ မြစ်ချောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တာဝန်ရှိသူများက နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၁၅၀၀၀၀၊ ငါးဖမ်းမကောင်ရေ ၅၀၀၀၀ တို့အား မြစ်ချောင်းအတွင်းသို့ စိုက်ထည့်ပေးကြကြောင်း သိရသည်။

အောင်ဆင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

Weekly Eleven ဂျာနယ်မှ သတင်းထောက် ဦးအောင်မင်းသိန်းက ပြီးခဲ့သည့်ရက်ပိုင်းတွင် အစိုးရနှင့် ပုဂ္ဂလိကဘဏ်များတွင် အပ်ထားသည့် နိုင်ငံခြားငွေအကောင့်ထဲမှ ဒေါ်လာများကို တစ်ဒေါ်လာကို ငွေကျပ် ၁၈၅၀ နှုန်းဖြင့် လဲလှယ်ရမည်ဟု ပြီးခဲ့သည့် ဧပြီ ၃ ရက်တွင် ဗဟိုဘဏ်က အမိန့်ကြေညာချက် အမှတ် ၄/၂၀၂၂ ဖြင့် ထုတ်ပြန်လိုက်ကြောင်း၊ ဧပြီ ၅ ရက်တွင် အရောင်းအဝယ်အကောင့်ထဲက ဝင်လာသည့် ဒေါ်လာများကို အလုပ်ရက်တစ်ရက်အတွင်း လဲလှယ်ရမည်ဟုလည်း ထပ်မံထုတ်ပြန်ခဲ့ကြောင်း၊ သြဂုတ် ၅ ရက်တွင် အမိန့်ကြေညာချက်အမှတ် ၃၆/၂၀၂၂ ဖြင့် တစ်ဒေါ်လာကို ငွေကျပ်၂၁၀၀ နှုန်းဖြင့် လဲလှယ်ရမည်ဟုဗဟိုဘဏ်က ထုတ်ပြန်လိုက်ကြောင်း၊ ယင်းသို့ဒေါ်လာအပေါ် ထုတ်ပြန်လိုက်သည့်သတ်မှတ်ထုတ်ပြန်ချက်များ နောက်ပိုင်းတွင် ဒေါ်လာစျေးကွက်ကမောက်ကမဖြစ်ပြီး စီးပွားရေးကဏ္ဍတွင်အနည်းငယ် ဂယက်ရိုက်ခဲ့ကြောင်း၊ တစ်ဒေါ်လာကို ငွေကျပ် ၁၈၅၀ နှုန်းဖြင့်ဗဟိုဘဏ်ကသတ်မှတ်သည့်အချိန်တွင် ပြင်ပတွင် တစ်ဒေါ်လာကို ငွေကျပ် ၂၄၀၀၊ ငွေကျပ် ၂၅၀၀ နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ယခုနောက်ဆုံး ထုတ်ပြန်ခဲ့သည့် တစ်ဒေါ်လာကို ငွေကျပ် ၂၁၀၀ နှုန်းထားအခြေအနေတွင် ပြင်ပ၌ ငွေကျပ် ၂၉၀၀၊ ငွေကျပ် ၃၀၀၀ စျေးနှုန်းများအထိ မြင့်တက်သွားကြောင်း၊ ယင်းဒေါ်လာများကို ကုမ္ပဏီအကောင့်များနှင့် တစ်ဦးချင်း Personal အကောင့်မှ ဒေါ်လာများကို ဗဟိုဘဏ်က သတ်မှတ်သည့်စျေးဖြင့် လဲလှယ်ရမည်ဟု ကြေညာသည့်အခါတွင် အကောင့်ပိုင်ရှင်အများစုသည် ပမာဏအတော်များများကို လဲလှယ်လိုက်ရသည့်အနေအထားဖြစ်သွားကြောင်း။

ဦးဝင်းနိုင်
နေပြည်တော်
အွန်လိုင်းသတင်းအေဂျင်စီ

ဦးဇော်ဝင်း
နေပြည်တော်
မှုခင်းနှင့်သတင်းစုံအေဂျင်စီ

ဦးနန္ဒလင်း (ထားဝယ်)
97 Media

ဦးဝင်းနိုင်
ခေတ်ပုံရိပ်ဂျာနယ်

တိုင်းပြည်စီးပွားရေး ထိခိုက်ရသည့် အနေအထား

ဗဟိုဘဏ်မှ ကင်းလွတ်ခွင့်ပေးထားသည့် လုပ်ငန်းတချို့၌ မိမိတို့တွေ့ရသည့်လုပ်ငန်းခြောက်ခုခန့်ရှိကြောင်း၊ ယင်းလုပ်ငန်းအပေါ် ဝင်လာသည့် ဒေါ်လာပမာဏက အနည်းငယ်သာရှိသည်ဟု သိရကြောင်း၊ စက်ရုံများ၊ ကုမ္ပဏီများ လည်ပတ်ရန်အတွက် Import လုပ်ရသည့်အခါတွင် OTD က တစ်ဆင့် ဗဟိုဘဏ်က သတ်မှတ်ထားသည့်သတ်မှတ်နှုန်းထားဖြင့် တစ်ဒေါ်လာကို ငွေကျပ် ၈၀၀၊ ၉၀၀၊ ၁၀၀၀ ယင်းကဲ့သို့ ကွာဟချက်များဖြင့် ဝယ်ပြီး လုပ်ရသလိုမျိုးဖြစ်လာကြောင်း၊ ထို့ပြင် ကုန်ကြမ်း Import လုပ်ရန် ဒေါ်လာဝယ်ယူရန်အတွက်ကလည်း ပြင်ပတွင် မဖြစ်နိုင်လောက်သည့် အနေအထားအထိ ကိုဖြစ်လာကြောင်း၊ ဒေါ်လာအကောင့်များမှနေပြီး ဗဟိုဘဏ်က သတ်မှတ်ထားသည့်နှုန်းထားဖြင့် ငွေလဲလှယ်ခံလိုက်ရသကဲ့သို့ ယင်းငွေများမှတစ်ဆင့် ပြည်တွင်းတွင် နိုင်ငံခြားငွေများ၊ အိမ်ခြံမြေများ၊ ကားများ ယင်းတို့ကို ဝယ်သည့်အနေအထားဖြစ်လာကြောင်း၊ စျေးကစားသည့်သူများကြောင့်လည်း ပုံမှန်မဟုတ်ဘဲ နှုန်းထားများ ထိုးတက်လာသည့် အနေအထားအထိဖြစ်လာကြောင်း၊ စျေးကွက်ကလည်း ကမောက်ကမဖြစ်ပြီး တိုင်းပြည်စီးပွားရေးသည် ယင်းအခြေအနေအတွင်းတွင် ထိခိုက်ရသည့် အနေအထားဖြစ်လာကြောင်း။

သာမန်ပြည်သူများအနေဖြင့်လည်း ငွေကြေးဖောင်းပွမှုဒဏ်၊ ကုန်စျေးနှုန်းကြီးမြင့်သည့်ဒဏ်များကို ခံစားလိုက်ရကြောင်း၊ ယင်းသည် ဗဟိုဘဏ်၏ နိုင်ငံခြားငွေနှင့်ပတ်သက်၍ ပေါ်လစီအပြောင်းအလဲနှင့် ပတ်သက်ပြီး ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်သုံးခုကြောင့် ဖြစ်လာသည့် နောက်ဆက်တွဲ အနေအထားများဟု ပြောရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ သိလိုသည်မှာ တစ်ဒေါ်လာကို ဗဟိုဘဏ်ကသတ်မှတ်သည့် ငွေကျပ် ၁၈၅၀ နှုန်းထားဖြင့် အကောင့်မည်မျှက ဒေါ်လာပမာဏမည်မျှအထိ လဲလှယ်ပြီးစီးခဲ့ကြောင်း၊ ထိုမှရရှိလာသည့် ဒေါ်လာများကို လိုအပ်သူများ၊ အပြင်တွင် အမှန်တကယ် အလုပ်လုပ်နေသူများရရှိအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း၊ အစိုးရအနေဖြင့် စျေးသတ်မှတ်ပြီး လဲလှယ်သိမ်းဆည်းခဲ့သည့်ဒေါ်လာများကို အမှန်တကယ်လိုအပ်၍ လာဝယ်မည်ဆိုပါက မည်သို့ဆောင်ရွက်ရမည်ဆိုသည့် ညွှန်ကြားချက်များ သတ်မှတ်ထုတ်ပြန်ပေးရန် ရှိ၊ မရှိ သိလိုကြောင်း၊ ထို့အပြင် လက်ရှိနောက်ဆုံးထုတ်ပြန်ခဲ့သည့် တစ်ဒေါ်လာငွေကျပ် ၂၁၀၀ နှုန်းထားကို ပြင်ပမှာ ဆိုလျှင် ယင်းနှုန်းထားထက် ပမာဏမြင့်မားပြီး စျေးကစားနေသည်များရှိကြောင်း၊ ပေါက်စျေးရှိသည့် အတွက် ပြင်ပစျေးကွက်တွင် ဗဟိုဘဏ်က သတ်မှတ်ထားသည့်နှုန်းထားနှင့် များစွာကွာဟချက်မဖြစ်အောင် ငွေလဲနှုန်းကိုလည်း တည်ငြိမ်မှုရှိအောင် အစိုးရအနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့်လည်း လက်ရှိဖြစ်ပေါ်နေသည့် အကျပ်အတည်းများမှ ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများကို မည်သို့ဖြေလျှော့မှုများ လုပ်ပေးရန်ရှိကြောင်း၊ နောက်ဆုံး ဗဟိုဘဏ်နှင့်ပူးပေါင်းပြီး မည်သည့် နည်းလမ်းများဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် အဆင်ပြေအောင် မည်သို့ဖြေရှင်း ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

ချို့ယွင်းချက်များ ပြင်နိုင်အောင်ဆောင်ရွက်

ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းထောက်ကြီးသည် Weekly Eleven လား Audit ဂျာနယ်လားတော့ မသိကြောင်း၊ မေးသည့်မေးခွန်းများက Audit ဂျာနယ်ဆန်ဆန်ဖြစ်ကြောင်း၊ မေးခွန်းများကလည်း ကောင်းပါကြောင်း၊ မိမိအနေဖြင့် ကိန်းဂဏန်းများ ကိုတော့ မပြောနိုင်ကြောင်း၊ ကိန်းဂဏန်းများနှင့် ပတ်သက်၍ ဖြေနိုင်သမျှကို ဗဟိုဘဏ်ကို ဖြေခိုင်းပေးမည်ဖြစ်ကြောင်း၊ မိမိပြောနိုင်သည်မှာ မူဝါဒပိုင်းဆိုင်ရာကိုသာ ပြောမည်ဖြစ်ကြောင်း၊ နံပါတ် (၁) ယင်းမူဝါဒများချမှတ်ရသည့် အကြောင်းရင်းမှာ မချမှတ်၍ မဖြစ်သောကြောင့် ချမှတ်ရခြင်းဖြစ်ကြောင်း၊ တချို့သည်လည်း နာကျင်ရကြောင်း၊ နာကျင်အောင်လည်းလုပ်ရကြောင်း၊ ယင်းသည် ပေါ်လစီဖြစ်ကြောင်း၊ နံပါတ် (၂) ပြောလိုသည်မှာ မိမိတို့အနေဖြင့် လုပ်ဆောင်ရသည့်အကြောင်းအရာသည် ဗဟိုဘဏ်က အတိုးနှုန်း ၁၈၅၀ အမျိုးမျိုးဖြစ်သည့်အတွက် ထိုသုံးခု၏ နောက်ပိုင်းမှာ ဖြစ်လာကြောင်း၊ ထိုသုံးခု၏ ရှေ့ပိုင်းတွင်လည်းဖြစ်ခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် ဖြစ်ခဲ့သည်ဆိုသည့် အကြောင်းရင်းများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်းက အကြောင်းရင်းများရှိကြောင်း၊ မြန်မာနိုင်ငံ၏ပြင်ပက အကြောင်းရင်းများလည်း ရှိပါကြောင်း၊ မိမိတို့အစိုးရနှင့် ဗဟိုဘဏ်သည် "ခြောက်ပစ်ကင်း သဲလဲစင်"ဟု မိမိတို့ မပြောပါကြောင်း၊ မည်သူမှလည်း "ခြောက်ပစ်ကင်း သဲလဲစင်" မရှိပါကြောင်း၊ ချို့ယွင်းချက်များရှိပါကြောင်း၊ ချို့ယွင်းချက်များ ပြင်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပနှင့် ပြည်တွင်း၏ကိစ္စများလည်း ရှိပါကြောင်း။

အဓိက အစဉ်အဆက်လုပ်ခဲ့သည်များကို မည်သည်ကို ထိသလဲဆိုလျှင် ယခင်ကတည်းက အတိုင်း ပြည်တွင်း၏ထုတ်ကုန်များကို အားမပေးဘဲ ပြည်ပမှတင်သွင်းကုန်များ Import ကုန်များကို အားပေးခဲ့ခြင်းကြောင့် မိမိတို့၏ နိုင်ငံခြားငွေလိုအပ်ချက်များလည်း ကြီးမားလာကြောင်း၊ ကုန်သွယ်ရေးတွင် လိုငွေများကြီးမားလာပြီး အကြွေးများ ထပ်မံတင်လာသည့် ကိစ္စများဖြစ်လာကြောင်း၊ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းကိစ္စကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် ကမ္ဘာတွင်ဖြစ်နေသည့် ပဋ္ဌိပက္ခများကြောင့် ရေနံစျေး၊ ဓာတ်မြေသြဇာစျေး၊ စားသောက်ကုန်စျေးများကြီးပြီး ငွေကြေးဖောင်းပွမှု မြင့်မားနေသည်များ ရှိကြောင်း၊ တစ်ဖက်က Fedral Reserve Bank (FRB) က အတိုးနှုန်းမြှင့်တင်လိုက်သည်များရှိကြောင်း၊ ဗဟိုဘဏ်အနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း အထောက်အကူဖြစ်မည့် ငွေကြေးမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိန်းညှိဆောင်ရွက်သည့်အချိန်တွင် တချို့နေရာနှင့် တချို့ Sector တွင် ထိခိုက်မှုများရှိမည်ဖြစ်ကြောင်း၊ သို့သော် ယခုအချိန်တွင် ဖြေလျှော့၍ မရကြောင်း၊ အချိန်အတိုင်းအတာတစ်ခုရောက်လျှင် ပေါ်လစီအရ ဖြေလျှော့၍ရလျှင် လျှော့ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

One News Channal မှ ထုတ်လုပ်သူ ဦးသွင်ထူးအောင်က ယခုရက်ပိုင်းအတွင်း ပြည်တွင်း၌ နိုင်ငံခြားငွေလဲလှယ်နှုန်း ဆက်တိုက်မြင့်တက်နေသကဲ့သို့ ရွှေ၊ စားအုန်းဆီ၊ စက်သုံးဆီနှင့် ကုန်စျေးနှုန်းများလည်း ဆက်တိုက်မြင့်တက်နေကြောင်း၊ ယင်းသို့ မြင့်တက်လာခြင်းကြောင့် အခြေခံလူတန်းစားများ၊ ဝန်ထမ်းများအတွက် အတော်ကိုအခက်အခဲဖြစ်နေကြောင်း၊ ထိုသို့တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ကြည့်လျှင် ငွေကြေးဖောင်းပွမှုများကို ရင်ဆိုင်နေရကြောင်း၊ ယင်းနိုင်ငံအသီးသီးတွင် ငွေကြေးဖောင်းပွမှုများကို ထိန်းချုပ်နိုင်ရန်၊ လျှော့ချနိုင်ရန် ရုန်းကန်ကြိုးပမ်းနေသည်ကိုတွေ့ရကြောင်း၊ မြန်မာငွေကျပ် ဖောင်းပွမှုနှုန်း ပြန်လျော့သွားအောင် မည်ကဲ့သို့ ဆက်လုပ်မည့် အစီစဉ် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်နှင့် စျေးကွက်ရှာရန် နည်းလမ်းရှိ

ဗိုလ်ချုပ်ဇော်မင်းထွန်းက မြန်မာငွေကျပ် ဖောင်းပွမှုနှုန်းကို လျော့ကျသွားအောင် လုပ်နိုင်သည့် နည်းက မိမိတို့၏ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်နှင့် စျေးကွက်ရှာရန် နည်းလမ်းရှိကြောင်း၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်နှင့် စျေးကွက်ရှာရန် နည်းလမ်းတွင် မိမိတို့ လုပ်ဆောင်နေခြင်းသည် နှစ်မျိုးရှိကြောင်း၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်အတွက် ပြည်တွင်းမှလုပ်ဆောင်ရသည်များကို အစိုးရနှင့် ပြည်သူများပါ လုပ်ဆောင်နိုင်ကြောင်း၊ သို့သော်ရောင်းချရန်အတွက် တချို့သောအခက်အခဲများရှိကြောင်း၊ ပိတ်ဆို့မှုများရှိကြောင်း၊ စျေးကွက်ချဲ့ထွင်ရန်အတွက် ရုရှားနှင့် စျေးကွက်ချဲ့ထွင်နိုင်ရန်၊ တစ်ဖက်တွင် တရုတ်နှင့် စျေးကွက်ချဲ့ထွင်နိုင်ရန်အတွက် မိမိတို့ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

Myanmar Public Press မှ အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်က တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ ထွက်ပေါ်သည့်အချိန်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် သင့်တင့်သည့် စျေးနှုန်းသတ်မှတ်၍ ဝယ်ယူရန် ရှိ၊ မရှိ နွေစပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများတွင် စက်သုံးဆီများ လိုအပ်သောကြောင့် အစိုးရအနေဖြင့် ထောက်ပံ့ပေးမှု ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက နွေစပါးနှင့် ပဲတီစိမ်းကို အထူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်လည်း ပြောပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင်လည်း နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရန်အတွက် အရင်းမပျောက်မတည်ငွေများ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ခံဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေးအရှိန်မြှင့်တင်ရန်အတွက် နွေစပါးနှင့် ပဲတီစိမ်းကိုအဓိကထား ဆောင်ရွက်သည့်အတွက်ကြောင့် ယင်းလုပ်ငန်းများနှင့်ပတ်သက်သည့် သွင်းအားစုများ၊ လုပ်ဆောင်ရမည့်အချက်များအား တောင်သူများကို အကူအညီပေးခြင်းအားဖြင့် အလျင်အမြန်အောင်မြင်မှုရရှိရန် လုပ်ဆောင်ထားပြီး ဖြစ်ကြောင်း ဖြေကြားသည်။ **စာမျက်နှာ ၁၈ သို့** ❖

❖ စာမျက်နှာ ၁၇ မှ

ဆက်လက်၍ **Myanmar Public Press မှ အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်**က ကြေးမြီများ တင်ရှိနေသည့် တောင်သူများအနေဖြင့် တရားစွဲဆိုခံရပြီး ထွက်ပြေးတိမ်းရှောင်နေကြောင်း ၎င်းတို့အား အစိုးရအနေဖြင့် ဖြေလျှော့ရန်ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ကိုဗစ်ကာလ၌ ချေးထားသောချေးငွေများ၊ စိုက်ပျိုးစရိတ်များ အတွက် အခက်အခဲရှိသည့်ကိစ္စရပ်များကို ဖြေလျှော့ပေးထားပြီးဖြစ်ကြောင်း၊ အချို့တောင်သူများသည် ယခင်ကတည်းက ထွက်ပြေးတိမ်းရှောင်သူများ ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေအနေအပေါ်မူတည်ပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

နေပြည်တော်အွန်လိုင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးမင်းမောင်က ရေနံနှင့် ရေနံထွက်ပစ္စည်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များ ရောင်းချမှုရပ်တန့်ထားခြင်း၊ အကန့်အသတ်ဖြင့် ရောင်းချနေခြင်းကို နယ်မြေသတင်းအချက်အလက်များအရ သိရှိရပါကြောင်း၊ ယင်းကိစ္စအား မည်သို့စီစစ်အရေးယူဆောင်ရွက်ထားသည်ကို သိလိုကြောင်း၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရန် ကော်မတီများအနေဖြင့်လည်း ယခုဆီစျေးအပေါ်တွင် မည်သို့စီစဉ်ဆောင်ရွက်ထားကြောင်း၊ ကုန်စည်စီးဆင်းမှုများကိုလည်း မည်သို့ဆောင်ရွက်ထားကြောင်း၊ စက်သုံးဆီတင်သွင်းရေးနှင့် သိုလှောင်ဖြန့်ဖြူးမှု ကြီးကြပ်ရေးကော်မတီအနေဖြင့်လည်း ပြည်သူများ စက်သုံးဆီကို စျေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးနှင့် စက်သုံးဆီပြတ်လပ်မှု မရှိစေရေး ဖြည့်တင်းကြပ်မတ်ဆောင်ရွက်မှုများ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာမည်

ဗိုလ်ချုပ်ဇော်မင်းထွန်းက ဆီဝယ်ယူမှုနှင့် ပတ်သက်ပြီး ၂၀၂၂ ခုနှစ် သြဂုတ် ၁၅ ရက်တွင် ကြေညာချက်ထုတ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မသမာမှုများတွေ့ရှိပါက ကြေညာချက်ပါအတိုင်း ထိုနေရာများသို့ တိုင်ကြားနိုင်ကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်လျှင် ရုရှားမှ တင်သွင်းခွင့်ရပြီးဖြစ်ကြောင်း၊ ထို့ပြင် တင်သွင်းခွင့်ရသည်များကို မှန်မှန်ကန်ကန်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်များသို့ရောက်အောင် ပို့ဆောင်ရာတွင် နယ်စျေးနှုန်းနှင့် ရန်ကုန်စျေးနှုန်း တူစရာအကြောင်းမရှိပါကြောင်း၊ စက်သုံးဆီသည် ဆိပ်ကမ်းရှိရာ ရန်ကုန်သို့သာ ရောက်ရှိကြောင်း၊ နယ်များတွင်မူ ရန်ကုန်စျေးနှုန်းထက် သယ်ယူပို့ဆောင်စရိတ်အနည်းငယ်ပို၍ ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ တချို့သောဆိုင်ငယ်လေးများ၊ ဆိုင်များသည် တက်စျေးကိုမျှော်၍ လုပ်ဆောင်နေသည်များ လည်းရှိကြောင်း၊ တချို့မှာလည်း တက်စျေးကို မျှော်ခြင်းမဟုတ်ဘဲ ရိုးရိုးသားသားဖြစ်ခြင်းဖြစ်ကြောင်း၊ မီဒီယာများကိုလည်း မိမိပြောပြီးဖြစ်ကြောင်း၊ မန္တလေး၌ ကောလာဟလများကြောင့် ဆီဆိုင်များတွင် စုပြုံ၍ဝယ်လိုက်ကြကြောင်း၊ အရန်ဆီထဲက မဖြည့်နိုင်ခင် ပြတ်လပ်သွားသည့် အချိန်ပိုင်းအတွင်း ပိုပြီးဆိုးလာသည့် လုပ်ငန်းမျိုးလည်းရှိကြောင်း၊ စက်သုံးဆီအလွယ်တကူရခြင်း၊ စက်သုံးဆီ လိုသလောက်ရခြင်း၊ စျေးနှုန်းချိုသာခြင်း ရှိသည်ဆိုလျှင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် လုံခြုံရေးအရ လိုအပ်သည်များကို ဖြည့်ဆည်းနိုင်မည်ဆိုလျှင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာမည်ဖြစ်ပြီး ယင်းကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

နေပြည်တော်အွန်လိုင်း သတင်းအေဂျင်စီမှ လက်ထောက်အယ်ဒီတာ ဦးဝင်းနိုင်က လတ်တလောလောင်စာဆီစျေးနှုန်းများ မြင့်တက်သည့်အပေါ် ကုန်စျေးနှုန်းများကလည်း အဆမတန် မြင့်တက်နေသည့်အတွက် လောင်စာဆီစျေးနှုန်းကို အတည်ငြိမ်ဆုံးနှင့် အသက်သာဆုံးဖြစ်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မှုရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

ကမ္ဘာ့ရေနံစျေးနှုန်း မြင့်တက်လျှင် မြန်မာ့ရေနံစျေးနှုန်းလည်း မြင့်တက်လာမည်

ဗိုလ်ချုပ်ဇော်မင်းထွန်းက မြန်မာနိုင်ငံသည် ရေနံထွက်သည့်နိုင်ငံဖြစ်သည်ဆိုလျှင် စျေးနှုန်းသတ်မှတ်ပြီး ရောင်းချကာ တည်ငြိမ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေနံဖူလုံစွာ မထွက်ရှိသည့် နိုင်ငံဖြစ်သည့်အတွက် အခြားနိုင်ငံများမှ ဝယ်ယူတင်သွင်းရကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများမှ တင်သွင်းနိုင်သည့် စျေးနှုန်း၊ ရောင်းချနိုင်သည့် စျေးနှုန်းအတိုင်း မိမိတို့ ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရေနံစျေးနှုန်း မြင့်တက်လျှင် မြန်မာ့ရေနံစျေးနှုန်းလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လုပ်ဆောင်ပေးနိုင်သည့် အချက်နှစ်ချက်သာရှိကြောင်း၊ နံပါတ်တစ်အချက်အနေဖြင့် စက်သုံးဆီနှင့် ပတ်သက်လာလျှင် အခွန်အခ လျှော့ပေါ့ကောက်ခံရန်ဖြစ်ပြီး မိမိတို့အနေဖြင့် အခွန်အခကို အစွမ်းကုန်လျှော့ချ၍ ကောက်ခံကြောင်း၊ နံပါတ်နှစ်အနေဖြင့် စက်သုံးဆီ

> **“မြန်မာနိုင်ငံသည် ရေနံဖူလုံစွာမထွက်ရှိသည့် နိုင်ငံဖြစ်သည့်အတွက် အခြားနိုင်ငံများမှ ဝယ်ယူတင်သွင်းရကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများမှ တင်သွင်းနိုင်သည့်စျေးနှုန်း၊ ရောင်းချနိုင်သည့်စျေးနှုန်းအတိုင်း မိမိတို့ ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရေနံစျေးနှုန်းမြင့်တက်လျှင် မြန်မာ့ရေနံ စျေးနှုန်းလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လုပ်ဆောင်ပေးနိုင်သည့် အချက်နှစ်ချက်သာရှိကြောင်း၊ နံပါတ်တစ်အချက်အနေဖြင့် စက်သုံးဆီနှင့်ပတ်သက်လာလျှင် အခွန်အခ လျှော့ပေါ့ကောက်ခံရန်ဖြစ်ပြီး မိမိတို့အနေဖြင့် အခွန်အခကို အစွမ်းကုန်လျှော့ချ၍ ကောက်ခံကြောင်း၊ နံပါတ်နှစ်အနေဖြင့် စက်သုံးဆီနှင့်ပတ်သက်လာလျှင် လိုအပ်သည့် နိုင်ငံခြားငွေကို ရောင်းချပေးရန်ဖြစ်ပြီး ယင်းကိုလည်း မိမိတို့ဆောင်ရွက်လျက်ရှိ”**

နှင့်ပတ်သက်လာလျှင် လိုအပ်သည့် နိုင်ငံခြားငွေကို ရောင်းချပေးရန်ဖြစ်ပြီး ယင်းကိုလည်း မိမိတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားငွေဆိုသည်မှာလည်း အလွယ်ရောင်း၍ မရကြောင်း၊ မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဆိုလျှင် စက်သုံးဆီနှင့် ပတ်သက်ပြီး ပြဿနာဖြစ်မည်စိုးသဖြင့် အစိုးရအနေဖြင့် ၎င်း၏အရန်ငွေထဲမှ အရောင်းအဝယ် လုပ်ပေးရာ အရန်ငွေသည် တောင့်ခံနိုင်သည့်အနေအထား မရှိတော့သည့်အခြေအနေအထိ ဖြစ်ရကြောင်း၊ ထိုအခါ စက်သုံးဆီစျေးနှုန်းကို လွှတ်ပေးလိုက်သည့်အတွက် စက်သုံးဆီစျေးနှုန်းသည် ၅၄ ရာခိုင်နှုန်းအထိ တက်သွားကြောင်း၊ ထို့ကြောင့် ဆူပူဆန္ဒပြမှုများ ဖြစ်လာကြောင်း၊ နောက်ထပ်အိမ်နီးချင်းနိုင်ငံသည်လည်း ထို့အတူပင်ဖြစ်ကြောင်း၊ ယင်းအခြေအနေများသည် လက်တွေ့ဖြစ်နေသည့် အခြေအနေများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်ပြီး အတတ်နိုင်ဆုံး လုပ်ဆောင်ပေးနိုင်သည့် အခွန်လျှော့ကောက်ခြင်း၊ ပြည်သူလူထု၏လိုအပ်ချက် အရန်ထားရှိရမည့်အရာများကို ချိန်ညှိပြီး နိုင်ငံခြားငွေသုံးစွဲမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၌ ဖြစ်နေသည့် စက်သုံးဆီစျေးနှုန်း၊ အရှေ့တောင်အာရှနိုင်ငံများ၌ ဖြစ်နေသည့် စက်သုံးဆီစျေးနှုန်းကို လေ့လာကြည့်စေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ စက်သုံးဆီသည် ယခုအချိန်အထိ အနိမ့်ဆုံးထဲ (စျေးချိုသည့်အထဲတွင်) ပါဝင်ကြောင်း ပြန်လည်ဖြေကြားသည်။

နေပြည်တော် မှုခင်းနှင့်သတင်းစုံအေဂျင်စီမှ သတင်းထောက် ဦးဇော်ဝင်းက မြန်မာနိုင်ငံအတွင်းတွင် နေထိုင်ကြသည့် ဖခင် FRC၊ မိခင်မြန်မာနိုင်ငံသူ၊ မိခင် FRC၊ ဖခင်မြန်မာနိုင်ငံသား၊ ဖခင်နှင့် မိခင် FRC များဖြစ်ကြသည့် ဟိန္ဒူလူမျိုးများသည် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၂၀၁၀ ရွေးကောက်ပွဲအတွက် စီမံချက်ရေးဆွဲပြီး နိုင်ငံသားအစိမ်းရောင်ကတ်ပြားထုတ်ပေးကာ ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရရှိခဲ့ကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ် စီမံချက်ကာလတွင် အခြေအနေအရပ်ရပ်ကြောင့် မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၁၀ ဦးခန့်သာရရှိခဲ့ပြီး အိမ်ထောင်စု ၃၀၀ ခန့်မှာ စိစစ်ရေးကတ်ပြားများ ပြုလုပ်ရန်ကျန်ရှိသူ ၃၀၀ ခန့်ရှိနေကြောင်း၊ ၎င်းတို့အတွက် တစ်လျှောက်လုံး ကြိုးစားနေသော်လည်းမရကြောင်း၊ ယခု ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲကာလ ပန်းခင်းစီမံချက်တွင် ဗိုလ်ချုပ်ပြောသကဲ့သို့ မကွေးတိုင်းဒေသကြီးတွင် ခြောက်မြို့နယ်ခန့် မရရှိသေးကြောင်း၊ ၎င်းပြည်သူများက မျှော်လင့်နေကြောင်း၊ ရနိုင်၊ မရနိုင် နိုင်ငံတော်အစိုးရအနေဖြင့် ဖြေကြားပေးရန် တောင်းဆိုပါကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ထိုမေးခွန်းကို ဖြေကြားပေးရန် ပြောကြားသည်။

ဥပဒေအရနိုင်ငံသားများကို စီမံချက်ဖြင့် ကွင်းဆင်းပြီး ဆောင်ရွက်၍မရ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံသားနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ဟူ၍ သုံးမျိုးရှိကြောင်း၊ နိုင်ငံသားတွင် မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဟူ၍ နှစ်မျိုးရှိကြောင်း၊ တိုင်းရင်းသားများ အနေဖြင့် မွေးရာပါ နိုင်ငံသားများဖြစ်ကြောင်း၊ ဥပဒေအရ နိုင်ငံသားဆိုသည်မှာ တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားလာခြင်းမဟုတ်ဘဲ ဥပဒေကြောင်းအရရရှိသည့် နိုင်ငံသားကိုဆိုလိုကြောင်း၊ ဥပဒေကြောင်းအရ အချက်အလက်များ ညီညွတ်ပါက ဥပဒေအရနိုင်ငံသားပေး၍ရကြောင်း၊ ယင်းနိုင်ငံသားများအားလုံး မဲပေးခွင့်ရှိကြောင်း၊ သတင်းထောက်ကြီးပြောသည့် လူ ၃၀၀ သည် စိစစ်ရေးကတ်ပြားရရန် ကျန်ရှိသည်ဟုပြောကြောင်း၊ ၎င်းတို့သည် မွေးရာပါ နိုင်ငံသားမဟုတ်နိုင်ကြောင်း၊ အဆိုပါကိစ္စများသည် လျှောက်ထားမှုရသည့် ကိစ္စများဖြစ်ကြောင်း၊ မွေးရာပါနိုင်ငံသားမဟုတ်သည့် ဥပဒေအရနိုင်ငံသားများကို တိုင်းရင်းသားမဟုတ်သည့်အတွက် စီမံချက်ဖြင့် ကွင်းဆင်းပြီး ဆောင်ရွက်ပေး၍မရကြောင်း၊ ရုံးခ်ဉ်သာဆောင်ရွက်ပေး၍ ရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ မိဘဘိုးဘွားများကို သေချာစိစစ်ပြီးမှသာ ဆောင်ရွက်ပေး၍ရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စဆောင်ရွက်ရန် မြို့နယ်စုံ/စစ်အဖွဲ့ရှိကြောင်း၊ ယင်းအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌဖြစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် ဥပဒေအရာရှိနှင့် အခြားဌာနဆိုင်ရာ နှစ်ဦးပါဝင်ကြောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးက အတွင်းရေးမှူးဖြစ်ကြောင်း၊ ယင်းအဖွဲ့ဖြင့်စိစစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စုံစုံစစ်ဆေးရေးအဖွဲ့သို့ ဆက်လက်တင်ပြရကြောင်း၊ ထိုမှတစ်ဆင့် ရုံးချုပ်ရှိ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရကြောင်း၊ ဗဟိုအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီးက နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ ထည့်သွင်းထားခြင်းဖြစ်ကာ ပြည်ထဲရေးဝန်ကြီးသည် နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်၍ ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနကို နိုင်ငံတကာရေးရာနှင့်ပတ်သက်၍ ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအတွင်းဝန်က အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေကြောင်း၊ ယင်းဗဟိုအဖွဲ့နှင့်စိစစ်ပြီး နိုင်ငံသားဖြစ်ခွင့်သတ်မှတ်ပေးရသည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် ကာယကံရှင်အနေဖြင့် သက်ဆိုင်ရာမြို့နယ်ရုံးတွင် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ထိုသို့လျှောက်ထားရာတွင် ဥပဒေနှင့်ညီရန်လိုကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ထိုလူ ၃၀၀ ၏ စာရင်းရမည်ဆိုပါက သရက်မြို့နယ်ရုံး သို့မဟုတ် မိမိတို့ ဝန်ကြီးဌာနရုံးသို့ ပေးပို့ပေးရန် အကူအညီတောင်းခံလိုကြောင်း၊ ထိုသူများသည် ဥပဒေနှင့် ညီပါက ကတ်ပြားတစ်မျိုးမျိုးရရှိမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက အထွေထွေကုန်စျေးနှုန်း မြင့်တက်ခြင်းသည် စက်သုံးဆီစျေးနှုန်း မြင့်တက်ခြင်းကြောင့် အဓိကဖြစ်သည်ဟု ဆိုသော်လည်း မြန်မာနိုင်ငံ၏တက်ပြီး ပြန်မကျသည့် ကုန်စျေးနှုန်းသည် လက်ရှိအနေအထားအတိုင်း ဆက်ဖြစ်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီစျေးနှုန်းကို အမှန်တကယ်လျှော့ချနိုင်သည့်ကုမ္ဍဏီများကို ခွင့်ပြုပေးသင့်ကြောင်း၊ ကုန်စျေးနှုန်းမြင့်တက်ခြင်းသည် အဂတိမှုများကြောင့်ဖြစ်သည် ဆိုသည့် အယူအဆများလည်းရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယင်းကိစ္စများနှင့်ပတ်သက်၍ မည်သို့အရေးယူဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

သက်သေအထောက်အထားပြသရန် ခဲယဉ်း

ဗိုလ်ချုပ်ဇော်မင်းထွန်းက အဂတိလိုက်စားမှုနှင့် ပတ်သက်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မကြာခဏဖြေကြားခြင်းများ ဆောင်ရွက်နေကြောင်း၊ မိမိတို့အနေဖြင့် အဂတိလိုက်စားမှုသည် တိုင်ကြားမှုတိုင်းကို အရေးယူ၍ မရကြောင်း၊ အဂတိလိုက်စားမှုနှင့် ပတ်သက်ပြီး မိမိအနေဖြင့် ယင်းဥပဒေအကြောင်းအရာများကို မဆွေးနွေးလိုကြောင်း၊ လူ့သဘောသဘာဝအရသာ ဆွေးနွေးလိုကြောင်း၊ လူတစ်ယောက်အား အဂတိလိုက်စားမှုရှိသည်ဟု စွပ်စွဲရန်လွယ်ကူကြောင်း၊ ထို့အတူ အဂတိလိုက်စားမှုရှိသည်ဟု ပြောဆိုရန်လည်းလွယ်ကူကြောင်း၊ သို့သော် အဂတိလိုက်စားမှုရှိသည်ဆိုသည့် သက်သေအထောက်အထားပြသရန် ခဲယဉ်းကြောင်း၊ အဂတိလိုက်စားမှုသည် စွပ်စွဲ၍ အကောင်းဆုံးအကြောင်းခြင်းရာ တစ်ခုလည်းဖြစ်နေကြောင်း၊

စာမျက်နှာ ၁၉ သို့❖

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂۷-၈-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၄၉၅	၂၅၄၀	၂၅၃၅	၂၅၀၅	၂၅၄၀	၂၅၆၅	၂၅၅၀	၂၅၂၅	၂၆၂၀	၂၆၃၅	၂၅၃၅	၂၅၄၀	၂၅၇၅	၂၅၇၅	၂၅၈၀	၂၈၀၀	၃၁၄၀
95 Ron	၂၅၆၀	၂၆၀၅	၂၆၀၅	၂၅၆၅	၂၆၀၅	၂၆၂၅	၂၆၁၀	၂၅၉၀	၂၆၈၅	၂၇၀၀	၂၅၉၅	၂၆၁၀	၂၆၄၀	၂၆၄၀	၂၆၄၅	၂၈၆၀	၃၂၀၅
HSD (500 ppm)	၃၁၉၅	၃၂၄၅	၃၂၃၅	၃၂၀၅	၃၂၄၀	၃၂၆၅	၃၂၆၀	၃၂၃၀	၃၃၄၀	၃၃၃၅	၃၂၃၅	၃၂၄၀	၃၂၈၀	၃၂၈၀	၃၂၈၀	၃၅၀၀	၃၆၄၀
HSD (50 ppm)	၃၂၇၅	၃၃၂၅	၃၃၂၀	၃၂၈၅	၃၃၂၀	၃၃၄၅	၃၃၄၀	၃၃၁၀	၃၄၂၀	၃၄၁၅	၃၃၁၅	၃၃၂၅	၃၃၆၀	၃၃၆၀	၃၃၆၀	၃၅၈၀	၃၆၇၅
HSD (10 ppm)	၃၂၇၅	၃၃၂၅	၃၃၂၀	၃၂၈၅	၃၃၂၀	၃၃၄၅	၃၃၄၀	၃၃၁၀	၃၄၂၀	၃၄၁၅	၃၃၁၅	၃၃၂၅	၃၃၆၀	၃၃၆၀	၃၃၆၀	၃၅၈၀	၃၆၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၃၈၂	၂၄၆၄
95 Ron	၂၄၄၃	၂၅၂၆
HSD (500 ppm)	၃၀၆၃	၃၁၅၄
HSD (50 ppm)	၃၁၄၁	၃၂၃၃
HSD (10 ppm)	၃၁၄၁	၃၂၃၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶۷- ၄၀၉၈၈၁၊ ၀۹-۶۹۹۶۵၁၁၁۶

၀۶۷- ၄၁၁၁၂۹၊ ၀۹-۴۴၀۴۲۲۶۲۲

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ **စာမျက်နှာ ၁၈ မှ**

အဂတိဆိုရာ၌ ငွေရေးကြေးရေးအရ ပြောခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယခင်ကဖြစ်စဉ်များကိုသာမက လက်ရှိတွင် မည်သည့်ဖြစ်စဉ်များကို အရေးယူပြီးဖြစ်သည်ကို သိပြီးဖြစ်မည်ဖြစ်ကြောင်း၊ ဥပမာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဝန်ကြီးချုပ်တစ်ဦးကို အရေးယူထားကြောင်း၊ ဝန်ကြီးတချို့ကိုလည်း အရေးယူထားကြောင်း၊ မိမိပြောလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့် ငြိစွန်းသည့် မည်သည့်ကိစ္စမဆို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လည်း အဂတိလိုက်စားမှုလျော့နည်းရေးဆိုသည်မှာ ဖြစ်နိုင်သော်လည်း အဂတိလိုက်စားမှုပပျောက်ရေးဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ မည်သည့်နိုင်ငံမှ ခြောက်ပြစ်ကင်းသဲလဲစင်ဟူ၍ မရှိကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်သွားမည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

97 Media မှ သတင်းထောက်ချုပ် ဦးနန္ဒလင်း (ထားဝယ်)က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ရုရှားဘာသာကျွမ်းကျင်မှု သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသည်ဟု သိရှိရကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍအတွက် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးအတွက် ရုရှားနှင့် မြန်မာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံ မော်စကိုမြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် နိုင်ငံတကာခရီးသွားပြပွဲ(၂၀၁၅-၂၀၁၆)တွင် မြန်မာခရီးသွားလုပ်ငန်းရှင်များအသင်းက သွားရောက်ပြသခဲ့သကဲ့သို့ ၂၀၁၈ ခုနှစ်တွင်လည်း ဆောင်ရွက်သည်များရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် နိုင်ငံတကာခရီးသွားပြပွဲ (မော်စကို) တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ပြသရန် စီစဉ်ထားကြောင်း၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံမူဘောင် အောက်မှ အာဆီယံ-ရုရှား ခရီးသွားလာရေးညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံ-ရုရှား ခရီးသွားလာမှုလုပ်ငန်းဆိုင်ရာ အစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်အပါအဝင် (၁၂) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ရုရှားခရီးသွားဈေးကွက် ပိုမိုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ သင်တန်းသားများကို ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့တို့တွင် ရုရှားဘာသာစကားပြော အခြေခံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တွင်ရှိသည့် ဟိုတယ်နှင့် ခရီးသွားလာမှု ညွှန်ကြားရေးဦးစီးဌာန၊ ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနက ၂၀၂၂ ခုနှစ် သြဂုတ်လမှစတင်ပြီး သင်တန်းသား ၅၀ ကို ရုရှားဘာသာစကားအခြေခံသင်တန်းဖွင့်လှစ်လျက်ရှိကြောင်း၊ မန္တလေးတွင်လည်း နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆိုပါရက်တွင် သင်တန်းသား ၆၀ ကို တစ်ရက်လျှင် သုံးနာရီ ပို့ချပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင်၌ ရုရှားဘာသာအခြေခံသင်တန်းကို စစ်တက္ကသိုလ်မှ ရုရှားဘာသာကျွမ်းကျင်သည့်နည်းပြများ၏ အကူအညီဖြင့် ယခုလ ၁၅ ရက်မှစတင်၍ ခြောက်လသင်တန်းအား သင်တန်းသား ၅၀ ကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ရုရှားခရီးသွားဇည့်သည်များကို ဝန်ဆောင်မှုပေးနိုင်ရန် ရုရှားဘာသာစကား ဇည့်လမ်းညွှန် ၈၉ ဦးကို မှတ်ပုံတင်ထားရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှားနိုင်ငံသို့ သွားစဉ်တွင် ရုရှားနှင့် မြန်မာတိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ရုရှားခရီးသွားများ မြန်မာနိုင်ငံကို ပိုမိုရောက်ရှိလာမည်ဖြစ်ကြောင်း၊ ရုရှားတို့အနေဖြင့် မြန်မာနိုင်ငံ၏ခရီးစဉ်များဖြစ်သည့် ပင်လယ်ကမ်းခြေများကိုသဘောကျ၍ နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲပြီး ခရီးသွားလာရေးဖြင့်တင်ရေးလုပ်ငန်းများနှင့်အတူ ရုရှားခရီးသွားများ မြန်မာနိုင်ငံကို ယခုနှစ်ကုန်ပိုင်း သို့မဟုတ် လာမည့်နှစ်နှစ်ဆန်းပိုင်းခန့်တွင် ပိုမိုဝင်ရောက်လာနိုင်မည်ဟု ခန့်မှန်းကြောင်း ပြန်လည်ဖြေကြားသည်။

ခေတ်ပုံရိပ်ဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်က လက်ရှိတွင် နိုင်ငံတစ်ဝန်း အကြမ်းဖက်လူသတ်မှုများက နေ့စဉ်နှင့်အမျှ ကြားသိနေရကြောင်း၊ ယခုပိုမိုအတင့်ရဲလာသည်မှာ လူအများရှိပါလျက် နေ့ခင်းတွင် သေနတ်ဖြင့် အကြမ်းဖက် ဝင်ရောက်ပစ်ခတ်ခဲ့သည့် သၿဃိန်းကျွန်း လဝကရုံးဖြစ်စဉ်နှင့် သံဃာတော်များကို ဆွမ်းလောင်းရန် ချက်ပြုတ်နေသည့် လူများကို အကြမ်းဖက်ဖောက်ခွဲသည့် လုပ်ရပ်မျိုးများ၊ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများကို အပြစ်မရှိဘဲ ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်နေသည်မှာ နေ့စဉ် လစ်လျှင်လစ်သလိုလုပ်ကြံသတ်ဖြတ်ခြင်းများကို ကြားသိနေရကြောင်း၊ ယခုဆိုလျှင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည်လည်း ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရဲရဲဝံ့ဝံ့ မလုပ်ရဲသကဲ့သို့ ဖြစ်နေကြောင်း၊ ထိုသို့လက်နက်ဖြင့် အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ နည်းပါးလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးစီမံချက်များ ချမှတ်ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ၊ မရှိနှင့် အစိုးရဌာနများ၌ ၎င်းတို့၏လုံခြုံရေးအတွက် လက်နက်တပ်ဆင်ပေးပြီး ဌာနများ၏ လုံခြုံရေးအတွက် သီးသန့်လက်နက် တပ်ဆင်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိသိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက အကြမ်းဖက်နှိမ်နင်းရေးနှင့်ပတ်သက်ပြီး အထူးဆောင်ရွက်နေသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများနှင့် ပတ်သက်၍ ယခုလို သတင်းစာရှင်းလင်းပွဲတွင် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို ထုတ်ဖော်ပြောကြား၍မရကြောင်း၊ သို့သော် အထူးစီမံချက်ချ၍ ဆောင်ရွက်နေသည့် လုပ်ငန်းများရှိသည်ဟုသာ မိမိအနေဖြင့်အသိပေးလိုကြောင်း၊ အစိုးရဌာနများ၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက အဓိကတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်ပါက အစိုးရဌာနများလုံခြုံရေးကို ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပေါင်းစပ်၍ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

သတင်းစဉ်

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုးသစ်ပင် ကို နှစ်စဉ် ရွှေတိုက် ကိုစိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် အောက်ပါသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး ပေးအပ်မည့် ဘွဲ့များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ)
B.BSc(Accounting & Finance)

(ခ) စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချစာရင်းအင်းပညာ)
B.BSc(Applied Statistics)

(ဂ) စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ)
B.BSc(Marketing Management)

(ဃ) စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ)
B.BSc(Regional Development)

(c) စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ)
B.BSc(Social Enterprise Management)

၂။ သင်တန်းကာလမှာ (၄)နှစ်ဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းများသို့ လျှောက်ထားသူများသည် ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူ (မည်သည့်ဘာသာတွဲဖြင့်မဆို) ဖြစ်ရမည်။

၄။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)သို့ လျှောက်ထားလာသူများအနက် တက္ကသိုလ်မှ လက်ခံနိုင်မည့် လူဦးရေ သတ်မှတ်ချက်အရ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အပေါ် မူတည်၍ ရမှတ်အများအနည်းအလိုက် ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) အောင်မြင်ကြောင်း ထောက်ခံစာမူရင်း

(ခ) အမှတ်စာရင်းမူရင်း

(ဂ) ပတ်စပို့ဆိုဒ်ဓာတ်ပုံ(၄)ပုံ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

၆။ ပထမနှစ် ဝင်ခွင့်လျှောက်လွှာများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများ၏ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများမှတစ်ဆင့် ပေးပို့၍ဖြစ်စေ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၊ သင်တန်းရေးရာဌာန၊ ကျောင်းသားရေးရာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ စာရွက်စာတမ်းအပြည့်အစုံဖြင့် လျှောက်ထားရမည်။

၇။ လျှောက်လွှာနှင့် လမ်းညွှန်များကို သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၊ သင်တန်းရေးရာဌာန၊ ကျောင်းသားရေးရာဌာနခွဲတွင် ၂၅-၈-၂၀၂၂ ရက်မှ ၃၀-၉-၂၀၂၂ ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၈။ တက္ကသိုလ်ဝင်ခွင့်ရရှိသူများကို သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင်ကြေညာသွားမည်ဖြစ်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန website **https://mcrd.gov.mm** နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) Website **www.ucms.edu.mm** နှင့် Facebook Page: University of Co-operative and Management, Sagaing တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။ အသေးစိတ်သိလိုသော အချက်အလက်များကို ဝန်ကြီးရုံး website **https://mcrd.gov.mm** ဤတက္ကသိုလ်၏ Website **www.ucms.edu.mm** နှင့် Facebook Page: University of Co-operative and Management, Sagaing တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်းနံပါတ် 072-2023015 သို့လည်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

(၂၇-၈-၂၀၂၂) ရက်နေ့တွင် ကျရောက်သော အဘဘိုလ်မှူးကြီးတင့်ဝေ(ငြိမ်း)၏ (ဖဂ)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် အဘချစ်သောမိသားစုနှင့်အတူ ထာဝရကြည်နူးချမ်းသာသုခအပေါင်းပြည့်စုံစွာဖြင့် သက်ဆုံးတိုင် အတူလက်တွဲလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဘ တာဝန်ထမ်းဆောင်ခဲ့သော သုံးခွမြို့နယ် ပင်လယ်ကမ်းခြေတစ်လျှောက် ကျေးရွာသူ/သားများ၏ နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်သူ/နယ်သားများ၏ ဘဝလုံခြုံရေး၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုချမ်းသာသုခပြည့်စုံရေး၊ ပင်လယ်ကမ်းခြေရှိ ကျေးရွာများမှ ကျောင်းသူ/သားများ အထက်တန်းပညာသင်ကြားရေး၊ ပညာရည်မြင့်မားရေးအတွက် အောင်ပန်းစိန်ကျေးရွာ အလကအား အထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါသော၊ တန်းခွဲ အထကအတွက် လိုအပ်သည့် အဆောက်အဦဆောက်လုပ်ရေး၊ နဝတအစိုးရထံမှ ကျောင်းဆောက်လုပ်ရေးပစ္စည်းများ ရရှိရေး၊ ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် (၅)သိန်းနှင့် ကျေးရွာလူထုတို့ထံမှ အလှူငွေကျပ် (၁.၅)သိန်းရရှိရေးနှင့် (၃၀'x၄၀') စာသင်ခန်း(ဖ)ခန်း အဆောက်အဦအား (၂)လအတွင်း အပြီးသတ်ဆောက်လုပ်ခြင်းနှင့် သုံးခွမြို့နယ် အရှေ့ခြမ်းနယ်မြေအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ မြေသားတမံ ဖောက်လုပ်ခြင်းကို ဆောင်ရွက်ပေးခဲ့သော ဘဘ ဗိုလ်မှူးကြီးတင့်ဝေ(ငြိမ်း)၏ ရှေ့ဘဝခရီးလမ်းတစ်လျှောက် သာယာဖြောင့်ဖြူးပါစေကြောင်း ကျေးရွာသူ/သားများ ဆုမွန်ချေ မေတ္တာပို့သအပ်ပါသည်။

အဘချစ်ခင်လေးစားသည့်
သုံးခွမြို့နယ် အောင်ပန်းစိန် ကျေးရွာသူ/သားများ
တပည့်ကျောင်းသူ/သားများ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၇)လမ်း၊ အမှတ်(၃၃၆)၊ (၂)ခန်းတွဲ RC(၃ ½)ထပ် အဆောက်အဦ၏ (ပထမထပ်)၊ (၂-လွှာ)၊ တိုက်ကို မျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ ဧရိယာ (၉၇၂) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ခင်ဝင်း [၁၂/ဥကမ(နိုင်)၀၁၂၃၇၃]၊ ဦးစိုးဝင်း [၁၀/သထန(နိုင်)၀၀၅၀၉]တို့ထံမှ ကျွန်ပ်၏မိတ်ဆွေဖြစ်သော ဦးအောင်ကျော်သူ [၁/မကန(နိုင်)၁၅၁၆၇၀]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅)
Ph-09- 421157856, 09- 798458627
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ (၄၁)လမ်း၊ အမှတ်(၁၃၄/၁၃၈)၊ RC (ဖ ½)ထပ် (Lift၀၊) အဆောက်အဦ၏ Penthouse(၇-လွှာ)၊ ဧရိယာ (၁၂၁၆) စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆောက်အအုံနေထိုင်ခွင့်စာချုပ်၏ အမည်ပေါက် ဦးစိုးမြင့်အောင် [၁၄/၀ခမ(နိုင်)၁၃၉၈၅]ထံမှ ကျွန်ပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်ဌေးမြင့် [၁၂/ပဘတ(နိုင်)၀၀၂၆၀၅]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်မည့်သူရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဌေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅)
Ph-09- 421157856, 09- 798458627
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

အများပြည်သူသိရှိစေရန် ကြေညာချက်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကြက်ယက်တွင်းကျေးရွာ၊ ကွင်းအမှတ်(၂၄၉)၊ ဦးပိုင်အမှတ်(၂၁၀)၊ ၁၅-၂-၂၀၀၉ ရက်စွဲပါ ဦးကျော်ဟိုး- ဒေါ်အေးကြူနှင့် မန္တယ်နွယ်မော်တို့၏ ခြံမြေအရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့သော ဒေါ်နွယ်နွယ်မော် [ဖ/လလန(နိုင်)၀၈၄၈၄]က အမှတ်(၃၇၁/က)၊ သင်ပြေလမ်းသွယ်(၂)၊ ဒိုင်စုကျေးရွာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ မထွေးထွေးလွဲ [ဖ/လလန(နိုင်)၀၉၀၈၆ဖ၇]အား (၁၂-၂-၂၀၁၉)ရက်စွဲပါ "အိမ်ခြံမြေ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်" အရ တန်ဖိုးငွေ - ၃,၄၀၀,၀၀၀/- ဖြင့် အပြီးအပိုင် လက်ထိလက်ရောက် ရောင်းချခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အဆိုပါခြံအတွင်းသို့ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်သူများကို ရာဇဝတ်ဥပဒေအရဖြစ်စေ၊ တရားမဥပဒေအရဖြစ်စေ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာပါသည်။

မထွေးထွေးလွဲ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြည်စွမ် (ထားဝယ်) (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၈၄)
အမှတ်(၂/၂၂၄)၊ မင်းရဲကျော်စွာ(ဂ)လမ်း၊
(၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄ဂ၇၄၇၂၂၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၈၄၊ အကွက်အမှတ်-သန်လျင်မြောက်၊ ဦးပိုင်အမှတ်-၄၀/၁၊ ဧရိယာ (၃.၄၀)ဧက အကျယ်ရှိ ဦးသောင်းဟံအေးအမည်ဖြင့် ချထားပေးသည့် မြေကွက်ကြီးအတွင်းမှ မခွဲစိတ်ရသေးသည့် မြေကွက်အမှတ်-၃၁ (အလျားပ၀ပေ x အနံ ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေအကျယ်ရှိမြေကွက်အပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မူလပိုင်ရှင် အဆင့်ဆင့်ထံမှ ဝယ်ယူထားသူများဖြစ်ကြသော ဦးကံချို[၁၂/ပဘတ(ပြု)၀၀၁၀၀၂]နှင့် ဒေါ်သန္တာမြင့်ဝင်း[၁၂/ကတတ(နိုင်)၀၃၂၂၅၁]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာချုပ်စာတမ်း အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဖြိုးဝေဇင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၈၄)
အမှတ်-၈၂၆၊ တတိယထပ်၊ ရန်ပေါ(၂)လမ်း၊ ၂/တောင်ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄ဖ၁၂၁

အလုံမြို့နယ်၌ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် သြဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းနှင့် ဆင်မင်းလမ်းရှိ ဖ ဒသမ ဖ ကေဗွီ ဟုန်ဟိုင်း-အောင်ဇေယျဖီဒါ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများတစ်လျှောက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို သြဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် အလုံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများက Platform Truck တစ်စီး၊ အမှိုက်သိမ်းယာဉ် လေးစီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**

လှိုင်ကော်မြို့၌ အသား၊ ငါးများ သန့်ရှင်းလတ်ဆတ်မှုနှင့် သန့်ရှင်းသောရောင်းချမှုစနစ်များရှိစေရေး ကွင်းဆင်းစစ်ဆေး

လှိုင်ကော် သြဂုတ် ၂၆

စားသုံးသူများ လုံခြုံစိတ်ချရမှု ရှိစေရန် ရည်ရွယ်၍ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင် ငါးလုပ်ငန်း ဦးစီးဌာန၊ မြို့နယ်စီမံ အုပ်ချုပ်ရေး၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၇ နာရီက လှိုင်ကော်မြို့ လောမမ္ဘရပ်ကွက်ရှိ သိရိမင်္ဂလာဈေး (တောင်ဈေး)၌ အသား၊ ငါးများ သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိနှင့် သန့်ရှင်းသောရောင်းချမှုစနစ် ရှိ၊ မရှိ ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

အသိပညာပေး

စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ဌာန၏ ရည်မှန်းချက် တာဝန်များ ဖြစ်သည့် စားသုံးသူ အခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွား ကာကွယ်ရေး ဆောင်ရွက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်ရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှု သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုနှင့် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာများ၊ ဈေးများ၊ ရပ်ကွက်များတွင် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဇင်(လှိုင်ကော်)

■

ကန့်ကွက်နှိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၀၆၃)၊ အကျယ်အဝန်း (၀.၀၅၄)ဧက(၂၃၄၀ စ/ပ)အကျယ်ရှိ ဦးမင်းရဲကျော် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၁၀၆၃)ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ်(၃၆၄/၂၀၂၂)ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည့်များ ဖြစ်ကြောင်း ဝန်ခံကတိပြုသည့်များဖြစ်ကြသော (၁)ဦးဆန်နီသန်း(၁၂/လသန(နိုင်)၀၀၁၅၆၉)၊ (၂)လင်ရောက်အိန်(ဝ)(၁)ဒေါ်စောဝင်း (၁၂/ကမရ(နိုင်)၀၅၆၅၂၉)တို့ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါရဲ့ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - အထက်တန်းရှေ့နေများ

တရားလွှတ်တော်ရှေ့နေ		
ဒေါ်မေမြတ်ချိန်	ဒေါ်ဝတ်ရည်ငွေး	ဦးရဲသီဟ
LL.B,D.B.L	LL.B,LL.M	LL.B
(စဉ်-၁၁၃၁၁)	(စဉ်-၃၆၉၇)	(စဉ်-၃၁၅၉၃)

ရုံးချိန် - အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
01 - 2304311, 510760, 510940, 510950, 500643, 502517

ရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
01 - 552742, 01- 559320, 01-8603230, 01-8603231
Email - soesanrealestate@gmail.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုဓမ္မာလမ်း၊ တိုက်အမှတ်(၃၈၇-၃)၊ (၂)ခန်းတွဲ (ဈ)ထပ်တိုက်၏(ဈ)လွှာဘယ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၇x၄၇)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သော ဦးဥာဏ်ပိုင်စိုး [၁၂/ဥကမ(နိုင်)၂၀၃၅၃၃]၊ ဦးအောင်နေဋ္ဌိမ်း [၁၂/ဥကမ(နိုင်)၂၁၉ဖ၁၅]နှင့် ဦးပြည့်စုံမောင်မောင် [၁၂/ဥကမ(နိုင်)၂၈၀၇၈၈] တို့ထံမှကျွန်ုပ်၏မိတ်ဆွေခေါ်မြမြစန်းက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ ဆိုင်ရေးဆိုင်ခွင့်ရှိသူအဖြစ်ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်းများပြည့်စုံစွာဖြင့် (၁၄-၉-၂၀၂၂)ရက်နေ့မတိုင်မီ ကျွန်ုပ်ထံသို့ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသူဇောလှိုင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၉၂)
ဖုန်း-၀၉-၇၉၈၂၉၄၄၁၊ ၀၉-၅၀၄၆၅၅၉၇

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

